
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# သိန်းဖေမြင့်

## တစ်ခုသောငွေရတုသဘင်



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

''တစ်ခုသော ငွေရတုသဘင်''သည်
ဦးသိန်းဖေမြင့်၏ ဝတ္ထုဟန်အတ္ထုပ္ပတ္တိ၊ တစ်နည်းဆိုရသော်
ဝတ္ထုပုံစံ ကိုယ်ရေးဘဝမှတ်တမ်းဖြစ်ပါသည်။
သို့သော် ဦးသိန်းဖေမြင့်၏ ကျယ်ပြန့်ထွေပြားသော
ဘဝမှတ်တမ်း၊ သို့မဟုတ် ပြည့်စုံသော အတ္ထုပ္ပတ္တိကား
မဟုတ်သေးချေ။
သူတို့ဇနီးမောင်နှံ၏ ဘဝတစ်စိတ်တစ်ဒေသ၊
သူတို့သားသမီးများ၏ ဘဝဖြစ်စဉ်တို့ကို
အထိုက်အလျောက်သာ ဖော်ပြထားခြင်း
ဖြစ်လေသည်။
ဦးသိန်းဖေမြင့်နှင့် ဇနီးဒေါ်ခင်ကြည်ကြည်တို့သည်
အိမ်ထောင်သက် ၂၅ နှစ်ပြည့်မြောက်သည်တိုင်အောင်
အိမ်ထောင်ရေး အဆင်ပြေညီညွတ်လျက်ရှိသည်ကို
ဂုဏ်ယူလျက် အထိမ်းအမှတ်ပွဲ ကျင်းပခဲ့ကြသည်။
ထိုအထိမ်းအမှတ်ပွဲအပြီးတွင်
မိမိတို့၏ အိမ်ထောင်သည်ဘဝနှင့် ဆက်နွယ်သော၊
ပတ်သက်သော အကြောင်းချင်းတများကို
ဦးသိန်းဖေမြင့်သည် ပြန်ပြောင်းစဉ်းစား
စိစစ်ဝေဖန် ကြည့်သည့်ဟန်ဖြင့်
''တစ်ခုသော ငွေရတုသဘင်''ကို
တင်ပြထားသည်။
''တစ်ခုသော ငွေရတုသဘင်''သည်
ဦးသိန်းဖေမြင့်၏ ခပ်ရှင်ရှင် အသွင်ဟန်တစ်မျိုးဖြင့်
အိမ်ထောင်ရေး ဗဟုသုတပေးကျမ်းငယ်တစ်စောင်ဟုလည်း
ယူဆနိုင်ပါကြောင်း။ ။



# သိန်းဖေမြင့်

တစ်ခုသောငွေရတုသဘင်

ISBN9789997130129
TPM22
9 789997 130129
2,000.00KS

mgyoe.com

တစ်ခုသော ငွေရတုသဘင်၊ သိန်းဖေမြင့်
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၄၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၃ စာပေဗိမာန်ထုတ် ပထမအကြိမ်မူ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


■ အမှာ (က)

[ ၁ ]

– ရှုထောင့်နှစ်မျိုးမှ မြင်နိုင်သော ကျွန်တော်တို့အိမ် ၁
– သီးခြားကမ္ဘာကလေး ၃
– မီးရောင်စုံထွန်း၍ ၄
– ဘာကြောင့် ငွေရတုသဘင် ကျင်းပရသလဲ ၅
– သခင်သန်းထွန်းနှင့် သခင်ဗသိန်းတင်တို့က လူကြီးမိဘ လုပ်ကြ၍ ၅
– ကျေးဇူးရှင်ယောက္ခမကြီး ၇
– သီတင်းကျွတ်လျှင် ကျွန်တော်တို့ ကန်တော့သော လူကြီးများ ၈
– ကြဲတောင့်ကြဲခဲမို့ ၉
– ငွေရတုသဘင်ပြပွဲ ၁၀
– မိတ်ဆွေများ ရောက်လာကြပြီ ၁၂
– လာနိုင်သော ဆွေမျိုးသားချင်းများ လာကြပါပြီ ၁၄
– အပျိုကြီးအချို့ ၁၅
– ထွန်းဝေ စီစဉ်သောဟင်း ၁၀ ခွက် ၁၆
– ငွေရတုသဘင်မိန့်ခွန်း ၁၇


mgyoe.com

mgyoe.com

– ဝိရောဓိသည် သဘာဝ ၁၈
– ဖိတ်ကြားချက်လက်ခံသူများ အားလုံး စုံစုံညီညီ ၂၀
– ဟင်းလျာများအကြောင်း စာမဖွဲ့နိုင် ၂၂
– ရင်းနှီးမှုဆိုသည်မှာ စေတနာအလျောက်
ဖြစ်ပေါ်သောကိစ္စ ၂၃
– ပတ်စာခွာ ဖျာလိပ် ၂၄

[ ၂ ]

– မြောက်လေသွေးချိန် ရှောစောင်တစ်ထည်နှင့် ၂၆
– အခန်းအပ်တော့ ခင်ပြောသောစကား ၂၈
– လိမ္မော်သီး စားလျှင် ခင်ကိုယ်တိုင်ကျွေးမှ ၂၉
– သားဦးအတွက် ရှူးခဲ့ရပုံ ၃၁
– အဆိုးမြင်ဝါဒနှင့် အကောင်းမြင်ဝါဒ ၃၄
– ကျွန်တော်တို့ကိုးကွယ်သော ဘုန်းတော်ကြီးများ ၃၆
– ဆရာရင်းဒကာရင်း ၃၈
– ကိုကြီးနုက ပရိတ်ရွတ်ခြင်း ၃၈
– အိမ်ထောင်ရေးနှင့်ဆည်းကပ်ကိုးကွယ်မှု တူညီရေး ၃၉
– "ဇင်ဘိုကော၊ ဇင်ဘို" ၄၀
– သိမ်ဖြူဆရာတော် ၏ ငွေရတုတရား ၄၃
– ခင်ပူဆာသလား၊ ကိုယ်ဖြုန်းသလား ၄၅
– အိမ်ထောင်သာယာရေးနှင့် ကျန်းမာရေး ၄၆
– ပန်းချီကားများကလည်း တစ်ကိစ္စ ၄၈
– ဇင်ဘို အချိန်တန်တော့ အိမ်ပြန် ၄၉

[ ၃ ]

– ကိုယ့်အိုးကိုယ်အိမ်နှင့်ဖြစ်အောင် ၅၃
– ဘော်ဘီမှစ၍ ၅၅
– မော်လီနှင့် သစ္စာခေါ်စိန်နက် ၅၇

mgyoe.com

mgyoe.com


- ခွေး၊ ကြောင်၊ ကြွက်ပဋိပက္ခ ၅၈
- ဇင်ဘို၏အစွမ်း ၆၀
- သူတော်ကောင်း သူမြတ်လောင်းမဟုတ် ၆၃


[ ၄ ]


- ဥက္ကာမှ အာသာသို့ ၆၅
- ကျိုးကန်းဥတက်နိုက် ဖားထွက်ရိုက် ၆၇
- သံအမတ်လုပ်ချင်သူ ၇၀


[ ၅ ]


- တစ်အိမ်ထောင် တစ်အိုးတစ်အိမ် ၇၄
- သွေးသား မတော်စပ်သော်လည်း ၇၆
- အိမ်ဖော်ပြဿနာ ၇၇
- သူတို့လင်မယား သူတို့ကိစ္စ ၇၉


[ ၆ ]


- နံ့နက်စောစောထသော ကြည်သာမြင့် ၈၁
- ကာမဂုဏ် အာရုံနှင့် မဈေ့မပဋိပဒါ ၈၂
- မငွမ်းပုံပဟု ဆေးရုံက အမည် ၈၄
- သားသမီးများကိုထားသော မြူနီစီပါယ်ကျောင်း ၈၆
- အမေနှင့်တပူးတွဲတွဲနေသော သမီး ၈၇
- အမှီအခိုမရှိဘဲ နေတတ်အောင် ၈၉
- အမေပုံသွင်းသော သမီး ၉၁


[ ၇ ]


- ပွဲပြီး၍ အမှိုက်ရှင်းရခြင်း ၉၃
- ခွန်သာနှင့်ဇင်ဘို ၉၄
- မိသားစုစိမံကိန်း ၉၆


mgyoe.com

mgyoe.com


– ဟိုစပ်စပ် သည်စပ်စပ် ခွန်သာ ၉၈
– ပရိုက်ဗိတ်ကျူရှင် မလိုချင်သူ ၁၀၀


[ ၈ ]


– သစ်ပင်စိုက်ရာမှာလည်း ဝိရောဓိ ၁၀၃
– ဇင်ဘိုကြောင့် ရုတ်ရုတ်သဲသဲ ၁၀၅
– ကျောင်းထိုင်ဆရာတော်ဖြစ်ပြီးမှ ဦးပဥ္စင်းမလုပ်ချင် ၁၀၇
– အိမ်တွင်းရေးတွင် ပြင်ပမှ ဝင်မစွက်ရေး ၁၁၀
– ညီအစ်ကို မောင်နှမ ရန်ဖြစ်ကြလျှင် ၁၁၃
– တဖြည်းဖြည်း ကြီးထွားရမည့်မိသားစု သံယောဇဉ် ၁၁၅
– မီးဖိုချောင်မှ ဆိုင်းသံ ၁၁၇


[ ၉ ]


– အဝေးရောက် ခင့်ထံမှစာများ ၁၂၁
– သနပ်ခါးခြောက်လစာ ယူသွားသူ ၁၂၃
– ပြပွဲမဝင်လိုက်ရသော ပစ္စည်းဟောင်းတချို့ ၁၂၅
– ပါတီစည်းကမ်းဘောင်အတွင်းမှ သမီးရည်းစားဘဝ ၁၂၈
– ရည်းစားစာနှင့် သိပ်မတူ ၁၃၀
– တော်လှန်သော အသည်းနှလုံးလော
မာကျောသော အသည်းနှလုံးလော ၁၃၁
– လင်မယား စာဖတ်ခန်း ၁၃၃
– လင်မယားကြားမှာ "သူ့" ပြဿနာ ၁၃၅
– ရွှေရတု သဘင်သို့ ၁၃၇


❒

mgyoe.com

mgyoe.com



# အမှာ

"တစ်ခုသော ငွေရတုသဘင်" သည် ဦးသိန်းဖေမြင့်၏ ဝတ္ထုဟန် အတ္ထုပ္ပတ္တိ၊ တစ်နည်းဆိုရသော် ဝတ္ထုပုံစံ ကိုယ်ရေးဘဝမှတ်တမ်းဖြစ်ပါသည်။ သို့သော် ဦးသိန်းဖေမြင့်၏ ကျယ်ပြန့်ထွေပြားသော ဘဝမှတ်တမ်း၊ သို့မဟုတ် ပြည့်စုံသော အတ္ထုပ္ပတ္တိကား မဟုတ်သေးချေ။ သူတို့ဇနီးမောင်နှံ၏ ဘဝတစ်စိတ်တစ်ဒေသ၊ သူတို့သားသမီးများ၏ ဘဝဖြစ်စဉ်တို့ကို အထိုက်အလျောက်သာ ဖော်ပြထားခြင်း ဖြစ်လေသည်။

ဦးသိန်းဖေမြင့်နှင့် ဇနီး ဒေါ်ခင်ကြည်ကြည်တို့သည် အိမ်ထောင်သက် ၂၅ နှစ်ပြည့်မြောက်သည်တိုင်အောင် အိမ်ထောင်ရေး အဆင်ပြေညီညွတ်လျက်ရှိသည်ကို ဂုဏ်ယူလျက် အထိမ်းအမှတ်ပွဲ ကျင်းပခဲ့ကြသည်။ ထိုအထိမ်းအမှတ်ပွဲအပြီးတွင် မိမိတို့၏ အိမ်ထောင်သည်ဘဝနှင့် ဆက်နွှယ်သော၊ ပတ်သက်သော အကြောင်းချင်းတများကို ဦးသိန်းဖေမြင့်သည် ပြန်ပြောင်းစဉ်းစားစိစစ်ဝေဖန်ကြည့်သည့်ဟန်ဖြင့် "တစ်ခုသော ငွေရတုသဘင်" ကို တင်ပြထားသည်။

မိမိတို့၏ အိမ်ထောင်သည်ဘဝ ဇာတ်လမ်းတွင် ဦးသိန်းဖေမြင့်သည် ဇာတ်ကောင်များအဖြစ် မိမိနှင့် ဇနီး

mgyoe.com

mgyoe.com



သားသမီးများ၊ "ကလေးများ၏ အဒေါ်တစ်ယောက်"၊ အိမ်တွင် မွေးထားသည့် ခွေးနှင့်ကြောင်များ အကြောင်းကိုလည်းကောင်း၊ ဇာတ်ရုံများအဖြစ် ငွေရတုသဘင်ပွဲသို့ ဖိတ်ကြား၍ တက်ရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟနှင့် ဆရာသမားဟောင်းများအကြောင်းကိုလည်းကောင်း ခပ်ရွှင်ရွှင်ခပ်သောသောဖြင့် ဖော်ပြထားသည်။

ဦးသိန်းဖေမြင့်တို့၏ အိမ်ထောင်သက် ၂၅ နှစ် ဘဝခရီးမှတ်တမ်းသည် အိမ်ထောင်တစ်ခု၏ အဆင်ပြေမှုကို နမူနာပြထားသော မှတ်တမ်းတစ်ခုဖြစ်သည်။ "တစ်ခုသောငွေရတုသဘင်" တွင် အိမ်ထောင်သည်ဘဝအပေါ် မိမိနှင့်ဇနီး ဒေါ်ခင်ကြည်ကြည်တို့၏ ခံယူချက်၊ မိမိတို့၏ အိမ်ထောင်သည်ဘဝကို စတင်တည်ဆောက်ပုံ၊ မိမိတို့၏ သားသမီးများအပေါ် မိမိတို့၏ ခံယူချက်များ၊ သားသမီးများအား ပြုစုပျိုးထောင် ပညာအမွေပေးလျက်နေပုံ၊ မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဆက်ဆံရေး စသည်တို့ကိုလည်း တင်ပြထားသည်။ သို့ဖြစ်၍ "တစ်ခုသော ငွေရတုသဘင်" သည် ဦးသိန်းဖေမြင့်၏ ခပ်ရွှင်ရွှင် အသွင်ဟန်တစ်မျိုးဖြင့် အိမ်ထောင်ရေး ဗဟုသုတပေး ကျမ်းငယ်တစ်စောင်ဟု ယူဆနိုင်ပါကြောင်း။ ။

စာပေဗိမာန်

mgyoe.com

mgyoe.com



# အခန်း ၁

**ရှုထောင့်နှစ်မျိုးမှ မြင်နိုင်သော ကျွန်တော်တို့အိမ်**

ကျွန်တော်တို့၏အိမ်သည် မကြီးကျယ် မခမ်းနားသော်လည်း နေလို့ကောင်းသော အိမ်ဖြစ်သည်။

ကျွန်တော်တို့အိမ်ထက်မြင့်သော လမ်းပေါ်မှ ကျွန်တော်တို့အိမ်သို့ ဆင်းလာလျှင် ဖြစ်သလိုလုပ်ထားသော အုတ်လှေကားဖြင့် ဆင်းရသည်။ လက်ယာဘက်တွင် ဝါးရုံခြံစည်းရိုးနှင့် လက်ဝဲဘက်တွင် ပုဏ္ဏရိက် ပန်းရုံခြံစည်းရိုးရှိသည်။ အိမ်ရှေ့လှေကားကို ကသစ်ပင်၊ ကုံကော်ပင် စသော သစ်ပင်ကြီးများက အုပ်မိုးထားသည်။ အိမ်ရှေ့ကကြည့်လျှင် တစ်ထပ်အိမ်ဟု ရုတ်တရက် ထင်သည်။ သို့သော် နှစ်ထပ်အိမ်ဖြစ်ပါသည်။ ကုန်းလျှောကြီးကို အနည်းငယ်ဖြို၊ အနည်းငယ်ညှိပြီး၊ အလိုက်သင့်မေးတင်၍ ဆောက်ထားသော တိုက်ခံအိမ်ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးမှ ဇရပ်တစ်ဆောင်ကို သတိရပြီး ဤအိမ်ပုံသဏ္ဌာန်ကို စိတ်ကူးမိခြင်း ဖြစ်သည်။ စိတ်ကူးမိသော ပုံသဏ္ဌာန်ကို စက်မှုတက္ကသိုလ်မှ ဗိသုကာဘွဲ့ရခါစ ပန်းချီဆရာ ခင်မောင်ရင်အား ပြောပြပြီး အိမ်ပုံစံ ဆွဲစေပါသည်။ အိမ်ဆောက်သူ–ကိုလှကြိုင် (ကိုလှကြိုင်နှင့် မကြည်) က စေတနာပိုကာ တိုင်ကောင်းကောင်းရှည်ရှည် ဝယ်လိုက်သဖြင့် မောင်ခင်မောင်ရင် ဆွဲသော ပုံစံထက် ကျွန်တော်တို့အိမ်က အနည်းငယ် ပိုမြင့်သွားသည်။

mgyoe.com

mgyoe.com


အစကတော့ ဤသို့ ပိုမြင့်သွားခြင်းကို ကျွန်တော် မကျေနပ်။ သို့သော် ဦးညာဏ (ကွယ်လွန်သူ စာရေးဆရာကြီး ဦးညာဏ) က သူ့ရှုထောင့်နှင့် သူ ချီးကျူးနေကာမှ ကျွန်တော် ကျေနပ်သွား၏။ အိမ်ဆောက်ပြီးစ နေ့ တစ်နေ့၌ ဦးညာဏ ရောက်လာပြီး လျှောက်ကြည့်သည်။ အိမ်ရှေ့ လှေကားမှတက်ပြီး အိမ်နောက် ဝရန်တာသို့တိုင်အောင် လျှောက်သွား သည်။ ကျွန်တော့်အိမ်မှာ အိမ်ရှေ့တွင် မျက်နှာစာမရှိ။ အိမ်နောက်မှာ မျက်နှာစာရှိသည်။ အိမ်နောက်မျက်နှာစာတွင် မြက်ခင်းနှင့် ပန်းခြံရှိသည်။ အောက်ချိုင့်ထဲတွင် သစ်ပင်ကြီးများ ရှိသည်။ ထို့နောက် အခြားအိမ်များ နှင့် အခြားခြံများရှိသည်။ ဦးညာဏသည် ဝရန်တာမှနေပြီး အိမ်နောက် မျက်နှာစာကို စီး၍ကြည့်ပြီးနောက်...

"ငါက ဒီမြင်ကွင်းမျိုး သိပ်သဘောကျတယ်ကွ။ ကိုယ်က အပေါ် ကစီးပြီး သစ်ပင်ထိပ်ဖျားတွေနဲ့ သူများအိမ်မိုးတွေကို မြင်ရတာဟာ အရသာတစ်မျိုးပဲဟေ့"

ကျွန်တော်...

"ဟုတ်တယ်ခင်ဗျာ၊ ရှုထောင့်လည်း တစ်မျိုးကောင်းတယ်။ သို့သော် လမ်းပေါ်ကနေပြီး ကျွန်တော့်အိမ်ကို ကြည့်လိုက်ရင်လည်း ကျွန်တော့်အိမ်ခေါင်မိုးကို မြင်ရတယ် မဟုတ်လား။ ရှုထောင့်နှစ်မျိုးပေါ့ ဗျာ။ အထက်ကနေ ကြည့်တဲ့ ရှုထောင့်လည်း ရှိရမယ်။ အောက်ကနေ ကြည့်တဲ့ ရှုထောင့်လည်း ရှိရမယ်။ ကျွန်တော့်အိမ်ကနေပြီး ရှုထောင့် နှစ်မျိုးနဲ့ ကြည့်နိုင်တယ်ဗျ"

ဦးညာဏက ပြုံးသည်။ ပြီးတော့ ခဏကြာအောင် ဝရန်တာမှာ စင်္ကြံလျှောက်နေ၏။

ဦးညာဏ...

"အေး၊ လောကမှာ အထက်နဲ့အောက် အပြန်အလှန် ကြည့်တတ် ကြဖို့ သိပ်လိုတယ်"

ကျွန်တော်...

"အထက်အောက် အပြန်အလှန်ကြည့်တတ်ကြရင် စာနာမှု၊ သမ မျှတမှု ရှိလာမှာပဲဗျ"

mgyoe.com

mgyoe.com


**သီးခြားကမ္ဘာကလေး**

ကျွန်တော်တို့အိမ်သည် တိုက်ခံနှစ်ထပ်အိမ်ဖြစ်သဖြင့် အပေါ်ထပ်မှာ ပူချိန်တွင် အောက်ထပ် ဆင်းနေနိုင်သည်။ အောက်ထပ်မှာ လှောင်နေချိန်တွင် အပေါ်ထပ် တက်နေနိုင်သည်။ ပတ်ဝန်းကျင်တွင် သစ်ပင်တွေပေါသဖြင့် အမြဲတမ်း လေကောင်းလေသန့် ရရှိနိုင်သည်။

အိမ်ရာတည်ထောင် လူတို့ဘောင်မှာ တောရကျောင်းနှင့်တူသော အိမ်မျိုးနှင့် နေ၍မဖြစ်။ အိမ်နီးနားချင်းများ ရှိရမည်။ သို့သော် အိမ်နီးနားချင်းတွေ ပြွတ်သိပ်ကပ်နေခြင်းသည်လည်း မကောင်းပါ။ ကျွန်တော်တို့တွင် အိမ်နီးနားချင်းများ ရှိပါ၏။ သို့သော် ကပ်မနေပါ။ အိမ်ဝင်းသီးခြားနှင့် ဖြစ်ကြပါသည်။ သူ့အိမ်တွင်းကိစ္စ ကိုယ်စပ်စု၊ ကိုယ့်အိမ်တွင်းကိစ္စ သူစပ်စု စသောအမှုများ မရှိနိုင်ပါ။

အိမ်နောက် မျက်နှာစာရှိ မြက်ခင်းနှင့် ပန်းခြံမှာ ခပ်သေးသေးပင် ဖြစ်သည်။ အုန်းပင်လေးပင်နှင့် ထန်းပင်တစ်ပင်တို့က ထီးမိုးသလို မိုးထားသည်။ အောက်ချိုင့်ထဲရှိ သစ်ပင်ကြီးများက လေးဖက်လေးတန်မှ တံတိုင်းကာရံသလို ကာရံထားကြသည်။ ထို့ကြောင့် ကျွန်တော့် မြက်ခင်းနှင့် ပန်းခြံတို့သည် သီးခြားကမ္ဘာကလေးလို ဖြစ်နေသည်။ တစ်ခါတုန်းက ရုပ်ရှင်မင်းသမီး ခင်သန်းနု ကျွန်တော်တို့အိမ်သို့ ရောက်လာသောအခါ မြက်ခင်းနှင့် ပန်းခြံထဲလျှောက်ကြည့်သည်။ သူနှင့်အတူ သူ့အမေ မနုနှင့် ကျွန်တော့်ဇနီး ခင်ကြည်ကြည်တို့ ရှိကြသည်။ ခင်သန်းနုသည် ဆယ်ကျော်သက်ရွယ်ကလေးလို လွတ်လပ်စွာ လှုပ်ရှားနေသည်။ ပျော်ရွှင်မြူးထူးနေပုံရ၏။ ပြီးတော့ ခင်ကြည်ကြည်ကို ပြောလိုက်သည်။ "အန်တီတို့အိမ်က ရုပ်ရှင်မင်းသမီးနေဖို့ ကောင်းတယ်။ အပြင်က လူတွေ မမြင်ဘဲနဲ့ ကိုယ့်ခြံထဲကိုယ် လွတ်လွတ်လပ်လပ် သွားလာ လှုပ်ရှားနေနိုင်မယ်"

ခင်ကြည်ကြည်–

"ဒါတောင် ခင်သန်းနုရဲ့ အန်ကယ်က မကျေနပ်သေးဘူး။ ဟိုခြံစည်းရိုးက အပင်တွေ နည်းသေးတယ်ထင်လို့ ထပ်စိုက်ချင်နေတယ်"

မှန်ပါသည်။ ဤမြက်ခင်းနှင့် ပန်းခြံမှာ သီးခြား ကမ္ဘာကလေး ဖြစ်နေပါသည်။ အခြားမင်းစိုးရာဇာတို့၏ ခြံကြီးများနှင့် သူ့ငွေး သူကြွယ်

mgyoe.com

mgyoe.com


တို့၏ ခြံကြီးများလို မကြီးမကျယ်ဘဲ၊ သေးသေးငယ်ငယ် ကျဉ်းကျဉ်းကလေး ဖြစ်သောကြောင့် သီးခြားကမ္ဘာသဘော ဤမျှ ပေါ်လွင်နေခြင်း ဖြစ်ဟန်ရှိပါ၏။

**မီးရောင်စုံထွန်း၍**

ဤမြက်ခင်းနှင့် ပန်းခြံကို တစ်နှစ်တစ်ခါ နှစ်ခါဆိုသလို မီးရောင်စုံ ထွန်း၍၊ ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ်ဖြင့် ညှော့ခံပွဲကျင်းပပါသည်။ ခါတိုင်းနှစ်များက ဆိုရှယ်လစ်သံရုံးများမှ သတင်းစာနှင့် ယဉ်ကျေးမှုဆိုင်ရာ သံအရာရှိများကို ဖိတ်ခေါ်ညှော့ခံခဲ့ပါသည်။ ပြီးခဲ့သော ဖက်ဆစ်တော်လှန်ရေးနေ့ကမူ၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသော လေထီးတပ်သားများကို ဖိတ်ကြားကာ ညှော့ခံပွဲကျင်းပခဲ့လေသည်။ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး နှစ် ၅၀ မြောက်နေ့ကလည်း နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ရဲဘော်အချို့ကို ဖိတ်ကြားပြီး ညှော့ခံပွဲကျင်းပခဲ့ပါသည်။ ဖော်ပြပါ ညှော့ခံပွဲမျိုးရှိတိုင်း မီးရောင်စုံထွန်းလေ့ရှိပါသည်။

ယခုနှစ် (၁၉၇၁ ခုနှစ်) နိုဝင်ဘာလ ၂၂ ရက်နေ့ကလည်း ညှော့ခံပွဲ တစ်ခုရှိခဲ့ပါသည်။ မီးရောင်စုံလည်း ထွန်းခဲ့ပါ၏။ မြက်ခင်းနှင့် ပန်းခြံကို လှည့်ပတ်၍ ကြိုးအတန်းသွယ်ပြီး မီးရောင်စုံထွန်းထားသည်။ ထန်းပင်အောက်ရွက်များတွင် မီးရောင်စုံ လေးငါးခြောက်လုံး ချိတ်ဆွဲထားသည်။ အိမ်ရှေ့လှေကား၏ ညာဘက်ရှိ မြက်ခင်းနှင့် ပန်းခြံသို့ သွားသော လမ်းသွယ်ကလေးထိပ်ဝတွင် မြန်မာလုပ်စက္ကူမီးပုံးကြီးတစ်ခုကို ချိတ်ဆွဲထားသည်။ ဤမီးရောင်စုံတို့၏ စုပေါင်းရလဒ်မှာ မလင်းလွန်း၊ မတောက်လွန်းဘဲ အေးမြသော ဝိုးတဝါး အလင်းရောင်ဖြစ်ပါ၏။ ထိုအေးမြသော ဝိုးတဝါး အလင်းရောင်အောက်ဝယ်၊ ကျွန်တော်တို့သည် တစ်ခုသော ငွေရတုသဘင်ကို ကျင်းပနေကြလေသည်။

လွန်ခဲ့သော ၂၅ နှစ်အချိန်၊ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က သိန်းဖေမြင့်နှင့် ခင်ကြည်ကြည်တို့သည် အကြင်လင်မယား ဖြစ်ခဲ့ကြလေသည်။ ထို့ကြောင့် ယခု ငွေရတုသဘင်ကျင်းပနေခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com


**ဘာကြောင့် ငွေရတုသဘင် ကျင်းပရသလဲ**

မဟာ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးသည် ကမ္ဘာသူ ကမ္ဘာသားများအတွက် အရေးကြီးလှ၏။ ဖက်ဆစ်တော်လှန်ရေးသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အရေးကြီးလှ၏။ သိန်းဖေမြင့်နှင့် ခင်ကြည်ကြည်တို့၏ ငွေရတုသဘင်ကား ကမ္ဘာအတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွက်လည်းကောင်း အရေးမကြီးပါ။ သို့သော် ကျွန်တော် တို့ မိသားစုအတွက်ကား အရေးကြီးလှပါသည်။ ထို့ကြောင့် ငွေရတု သဘင်ဆိုပြီး တခမ်းတနား ကျင်းပလိုက်ခြင်းဖြစ်ပါသည်။ တခမ်းတနား ဆိုသော်လည်း အကန့်အသတ် ရှိပါသည်။ ကိုယ့်ဝင်းခြံအကျယ်အဝန်း နှင့် ကိုယ့်ငွေရေး ကြေးရေးအင်အားတို့က ကန့်သတ်ထားပါ၏။

ကျွန်တော့်အယူအဆအရ ယောကျ်ားနှင့် မိန်းမ ချစ်ကြိုက်ကြခြင်း မှာ မခဲယဉ်းပါ။ လွယ်လွယ်နှင့် မြင်လျှင်မြင်ချင်းပဲ ကြိုက်ကြိုက်။ အမျိုး မျိုး စဉ်းစားပြီး၊ အမျိုးမျိုး ပိုးပန်းပြီးမှ ကြိုက်ကြိုက်။ အောင်သွယ်ထား ၍ပဲ ကြိုက်ကြိုက်၊ ရွယ်တူတန်းတူ အချင်းချင်းကြိုက်ကြိုက်။ အရွယ် မတူကြဘဲနှင့် ကြိုက်ကြိုက်။ ချစ်ကြိုက်သွားခြင်းမှာ လွယ်ပါသည်။ မလွယ်သည်၊ ခက်သည်မှာ ချစ်ကြိုက်ပြီးနောက် ညားကြရခြင်း ဖြစ် ပါသည်။ ထို့ထက် မလွယ်သည်၊ ထို့ထက်ခက်သည်မှာ ၂၅ နှစ်ပြည့် အောင် ပေါင်းသင်းရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ငွေရတုသဘင်ဆိုပြီး တခမ်းတနားလုပ်ကာ ကျင်းပရခြင်းဖြစ်၏။ သို့သော် အထက်တွင် ဖော်ပြသကဲ့သို့ အကန့်အသတ်ရှိသော တခမ်းတနားဖြစ်ပါသည်။

**သခင်သန်းထွန်းနှင့် သခင်ဗသိန်းတင်တို့က လူကြီးမိဘလုပ်ကြ၍**

ကျွန်တော်တို့ ငွေရတုသဘင်သို့ ဖိတ်ကြားရန် ဆွေမျိုးသားချင်း များနှင့် မိတ်ဆွေများစာရင်းကို ရေးချကြည့်ကြသောအခါ ဖိတ်ချင်ပါ လျက် ဖိတ်မရသူများကို သတိရမိလေသည်။ လွန်လေပြီးသော ၂၅ နှစ် ဤနေ့ ဤရက်တွင် ကျွန်တော်တို့ လက်ထပ်မင်္ဂလာပြုကြသောအခါ သခင်သန်းထွန်းနှင့် သခင်ဗသိန်းတင်တို့သည် ခင်ကြည်ကြည်၏ မိခင်၊ မုဆိုးမဖြစ်နေလေပြီဖြစ်သော ဒေါ်သိန်းဟန်နှင့်အတူ လူကြီးမိဘများလုပ်၍

mgyoe.com

mgyoe.com


တောင်းရမ်းခြင်း၊ ပေးအပ်ခြင်း၊ ထိမ်းမြားခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြ၏။ ကျွန်တော်တို့နှစ်ယောက်စလုံး ကွန်မြူနစ်ပါတီဝင်များ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။

ထိုနေ့က အခက်အခဲတစ်ခု ပေါ်ခဲ့လေသေးသည်။ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုလူကြီး သခင်ဗဟိန်းသည် ၁၉၄၆ ခု နိုဝင်ဘာလ ၂၀ ရက်နေ့က မန္တလေးမြို့မှာ ကွယ်လွန်ခဲ့သည်။ နိုဝင်ဘာလ ၂၂ ရက် (ကျွန်တော်တို့ လက်ထပ်သောနေ့) နေ့မှာ အသုဘရှုပနဲ့ အခမ်းအနား ပြုလုပ်လေသည်။ ကျွန်တော်တို့ လက်ထပ်မင်္ဂလာကို အကြောင်းပြုပြီး ပါတီဘုံရိပ်သာမှာ ပါတီရဲဘော်များအား ထမင်းကျွေးရန် စီစဉ်ထားခဲ့သည်။ မန္တလေးမှာ ပါတီခေါင်းဆောင် တစ်ယောက်အတွက် အသုဘအခမ်းအနားပြုလုပ်နေစဉ် ရန်ကုန်မှာ အခြားပါတီခေါင်းဆောင်တစ်ယောက်အတွက် မင်္ဂလာထမင်းစားပွဲကျင်းပနေပါလျှင် ကောင်းနိုင်ပါတော့မည်လား။

အချို့က ကျွန်တော်တို့ လက်ထပ်ပွဲကို ရွှေ့ရန်ပင် ပြောကြသေး၏။ ကျွန်တော်တို့က မရွှေ့နိုင်ပါ။ သေသောသူအတွက် သေရက်ကို အချိန်းအချက် မပြုရပါ။ မင်္ဂလာဆောင်သူအတွက်ကား မင်္ဂလာဆောင်ရက် အချိန်းအချက် ပြုထားရသည်။ ပြီးတော့ ချစ်သူနှစ်ဦးဘက်က ကြည့်ပါဦး။ ချစ်ကြ၍ ညားကြတော့မည်ဟု သေချာလေလေ၊ မြန်မြန်ညားချင်လေဖြစ်သည်။ မည်သည့်အကြောင်းနှင့်မျှ မရွှေ့ချင်ပါ။ ပျက်ကွက်ဖို့ ဆိုသည်ကတော့ ဝေးပါသေး၏။

နောက်ဆုံး၌ ချိန်းထားသည့်အတိုင်း လက်ထပ်မင်္ဂလာပွဲကိုကား ကျင်းပမည်။ ထမင်းစားပွဲကိုတော့ ရွှေ့မည်ဟု ဆုံးဖြတ်ကြရလေသည်။ သခင်သန်းထွန်းနှင့် သခင်ဗသိန်းတင်တို့က လူကြီးမိဘများလုပ်၍ တောင်းရမ်းပြောဆို၊ ထိမ်းမြားသမှု ပြုကြလေတော့၏။

လွမ်းစရာလည်း ကောင်း၊ ကြေကွဲစရာလည်းကောင်း၊ ချစ်စရာလည်း ကောင်းပါဘိ။

ငွေရတုသဘင်သို့ သခင်သန်းထွန်းကို ဖိတ်ချင်သည်။ ဖိတ်မရတော့ပြီ။ ပီကင်းရောက်နေသော သခင်ဗသိန်းတင်ကို ဖိတ်ရန်ကလည်း

mgyoe.com

mgyoe.com


လက်တွေ့မဖြစ်နိုင်တော့။ ဖိတ်စာကလေးတစ်စောင်လောက် စာတိုက်က နေပြီး ပို့လိုက်ရန် စဉ်းစားမိသေး၏။ သို့မဟုတ် လူကြုံပါးရလျှင် ပိုကောင်းလေမည်လား။

**ကျေးဇူးရှင် ယောက္ခမကြီး**

ထို့ကြောင့် လက်ထပ်မင်္ဂလာပွဲတုန်းက လူကြီးမိဘလုပ်ခဲ့ကြသူများအနက် ခင်ကြည်ကြည်၏ မိခင် ဒေါ်သိန်းဟန်သာလျှင် ငွေရတုသဘင်ကို တက်နိုင်တော့သည်။ ဒေါ်သိန်းဟန်ကို ကျွန်တော်က ကျေးဇူးရှင် ယောက္ခမကြီးဟု ခေါ်လေ့ရှိသည်။ သမီးတစ်ယောက်လုံး ပေးထားသူကို ကျေးဇူးရှင်ဟု အဘယ်ကြောင့် မခေါ်ရမည်နည်း။ ခင်ကြည်ကြည်နှင့် ကျွန်တော် မတွေ့ခင်ကပင် ခင်ကြည်ကြည်၏ဖခင် ဦးဘရှိန်သည် ကွယ်လွန်ခဲ့ပြီဖြစ်၏။ ဦးဘရှိန်ကား ဖျာပုံမြို့မှ အထက်တန်းရှေ့နေကြီး ဖြစ်၏။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရရှာသူ ဒေါ်သိန်းဟန်သည် သမီးငါးယောက်နှင့် သားတစ်ယောက်ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခဲ့ရ၏။ ယခုတော့ သမီးနှင့် သမက်များက အတဲ့အလှည့်အားဖြင့် ဒေါ်သိန်းဟန်အား ပြန်လည်စောင့်ရှောက်နေကြလေပြီ။

ငွေရတုသဘင်မှာ တွေ့မြင်ရသော ဒေါ်သိန်းဟန်ကား ခေါင်းဖြူ၊ သွားကျိုး မျက်မှန်ထူကြီးနှင့် အဘွားအိုကြီးဖြစ်နေ၏။ သို့သော် စကားပြောဖက်ရှိလျှင်၊ သို့မဟုတ် နားထောင်မည့်သူရှိလျှင် အမျှင်မပြတ်အောင် စကားပြောနိုင်တုန်းဖြစ်သည်။ ငွေရတုသဘင်သို့ ဒဂုန်ဦးလှဖေနှင့် ဇနီး ဒေါ်တုတ်တို့လာရောက်ကြသည်။ ဒေါ်တုတ်မှာလည်း ခေါင်းဖြူ၊ သွားကျိုး၊ မျက်မှန်ထူကြီးနှင့် အဘွားအိုကြီးဖြစ်၏။ ကျွန်တော့်ကျေးဇူးရှင် ယောက္ခမကြီးနှင့် စကားပြောဖက်ဖြစ်သွားကြသည်။ အိုနာကိစ္စများ ညှိနှိုင်းကြ၏။ နောက်ဆုံးကောလာဟလသတင်းများကို ဖလှယ်ကြ၏။ တရားဓမ္မများကို ဆွေးနွေးကြ၏။

mgyoe.com

mgyoe.com


**သီတင်းကျွတ်လျှင် ကျွန်တော်တို့ကန်တော့သော လူကြီးများ**

လွန်ခဲ့သော ၃၇ နှစ်ကျော်ကစ၍ ဒဂုန် ဦးလှဖေနှင့် ကျွန်တော် ခင်မင်ရင်းနှီးခဲ့သည်။ သူက ဒဂုန်မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်နေသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကား အယ်ဒီတာချုပ်အလုပ်ကို ဦးလှဖေအား လွှဲထားပြီး၊ စာတွေကိုသာ များများရေးနေလေသည်။ ဒဂုန်မဂ္ဂဇင်းတွင် ဦးလှဖေက တက္ကသိုလ်ကဏ္ဍဖွင့်ပေးခဲ့၏။ သူသည် ကျွန်တော့်အား စာပေလောကထဲသို့ သွင်းပေးသူ စာရေးဆရာဖြစ်အောင် မြေတောင်မြှောက်ပေးသူတစ်ဦးဖြစ်သည်။ ကျွန်တော်တို့ လင်မယားက သူတို့လင်မယားကို မိဘသဖွယ်ထား၍ ဆက်ဆံကြ၏။ သီတင်းကျွတ်လျှင် ကျွန်တော်တို့ ကန်တော့လေ့ရှိသော လူကြီးမိဘများမှာ ဦးလှဖေ ဒေါ်တုတ်၊ ကွယ်လွန်သူ ဆရာကြီးဗိုလ်ဖိုးကွန်းနှင့် ဦးသံဗျင်တို့ ဖြစ်ကြသည်။ သူတို့အား ကျွန်တော်တို့၏ ဆရာသမားမိဘများသဖွယ် တကယ်ပင် လေးစားကြည်ညိုပါသည်။

ဦးလှဖေတို့လင်မယားကို ငွေရတုသဘင် မတက် တက်အောင် ပင့်ဖိတ်ရသလို ဦးသံဗျင်တို့ လင်မယားကိုလည်း ပင့်ဖိတ်ရသည်။ ဦးသံဗျင်ကား ကျွန်တော်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ဖြစ်၏။ သို့သော် သူက အသက် ပိုကြီးသည်။ ပြည်သူ့အကျိုးဆောင်သက်တမ်းလည်း ပိုဝါရင့်သည်။ ယခုအခါ ဦးသံဗျင်သည် ခေါင်းဆွတ်ဆွတ်ဖြူနေပြီ ဖြစ်သော်လည်း ပညာရေးဌာန အထူးအရာရှိအဖြစ်ဖြင့်လည်းကောင်း၊ လမ်းစဉ်ပါတီ ဗဟိုကော်မီတီလူကြီးတစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်လူကြီးတစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊ တာဝန်များကို တက်တက်ကြွကြွထမ်းရွက်နေဆဲ ဖြစ်သည်။ တက်ကြွမှုနှင့် လုံ့လဥဿာဟအရာမှာ သူ့ကို လူငယ်များလိုက်၍မမီပါဟု ဒေါက်တာညီညီက ပြောလေ့ရှိသည်။

ဦးလှဖေ၊ ဦးသံဗျင်တို့နှင့် စကားဝိုင်းဖွဲ့နေသူမှာ မြန်မာစာပါမောက္ခဟောင်း ဦးအေးမောင်ဖြစ်သည်။ ဦးအေးမောင်သည် အပြင်သိပ်ထွက်လေ့မရှိသော ဆရာကတော်ကို အပါခေါ်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းသားဘဝမှာ ကျွန်တော့်ကို မြန်မာစာပေ သင်ပေးသော ဆရာဖြစ်

mgyoe.com

mgyoe.com


ပါသည်။ ကျောင်းမှထွက်သော်လည်း ဆရာတပည့် သံယောဇဉ်မပြတ်ဘဲ ဆက်လက်ဆက်သွယ်သော ဆရာတပည့်အချို့ရှိပါသည်။ ဆရာဦးအေးမောင်နှင့် ကျွန်တော်တို့မှာ ထိုဆရာတပည့်မျိုး ဖြစ်ကြပါသည်။

## ကြုံတောင့်ကြုံခဲမို့

ကျွန်တော် ဖိတ်ထားသူများအနက် စောစောက မလာနိုင်တော့ဘူး ဆိုပြီးမှ မဖြစ်ဖြစ်အောင် လာခဲ့သူမှာ ဆရာကြီး ဦးဘလှိုင် (သခင်ဘလှိုင်ကြီး) ဖြစ်ပါသည်။ ယခုအခါ ဗဟိုပြည်သူ့အလုပ်သမားကောင်စီ ဘဏ္ဍာရေးကော်မိတီ လူကြီးနှင့် တော်လှန်ရေးကောင်စီ၏ အတိုင်ပင်ခံအဖွဲ့ဝင် လူကြီးဖြစ်ပါသည်။ အတိတ်က နိုင်ငံရေး လှုပ်ရှားမှုများတွင် အခန်းအမျိုးမျိုးက ပါဝင်ခဲ့ဖူးသော်လည်း ကျောင်းဆရာ လုပ်ခဲ့ဖူးသည်ကို အကြောင်းပြုပြီး ဆရာကြီး ဦးဘလှိုင်ဟုသာ အချင်းချင်း ခေါ်လေ့ရှိကြသည်။ ဦးဘလှိုင်သည် ဇရာပိုင်းသို့ ရောက်လာပြီ။ အိုနာအမျိုးမျိုး ဝင်နေပြီ။ ယခု နောက်ဆုံး မျက်စိကိုခွဲထားရာ ပတ်တီးပင် မဖြေရသေး။ အစားအစာရှောင်ရသည်က များနေသည်။ လာထိုက်မလာထိုက် တွေဝေနေပြီးမှ မရောက်ရောက်အောင် လာခဲ့ရှာသည်။

"ဘာ့ကြောင့် လာတာလဲ ဆရာကြီးရယ်၊ ဒုက္ခရှာလို့" ဟု ကျွန်တော်က သူ့ကို တွဲခေါ်ရင်း ပြောလိုက်သည်။

"ဟာ ၂၅ နှစ် ငွေရတုသဘင်ဆိုတော့ ကြုံတောင့်ကြုံခဲမို့ မဖြစ်ဖြစ်အောင် လာခဲ့တာပဲ"

ကျွန်တော့် နှလုံးသည်းပွတ်တွင် ဖရဏာပီတိ ဂွမ်းဆီထိဆိုသော ဝေဒနာမျိုးဖြစ်ပေါ်လာသည်။

ကျွန်တော်နှင့် ခင်တို့သည် လက်မထပ်မီက ပါတီဌာနချုပ်မှာ နေခဲ့ကြသည်။ လက်ထပ်ပြီးလျှင် ဘယ်သွားနေမလဲဟု မစဉ်းစားခဲ့ကြ။

လက်ထပ်ပြီးနောက် ပါတီ၏ မိတ်ဆွေလည်းဖြစ် ကျွန်တော်၏ ပုဂ္ဂိုလ်ရေး မိတ်ဆွေလည်းဖြစ်သူ ဦးထွန်းစိန်၏အိမ်မှာ ခဏနေကြသည်။ ပြီးနောက် ဦးဘလှိုင်၏အိမ်တွင် နေကြသည်။ စာရေးစားပွဲတစ်ခု၊ ခုတင်တစ်လုံး၊ အိပ်ရာ တစ်လိပ်၊ သေတ္တာတစ်လုံး၊ တောင်းတစ်လုံးနှင့် အိမ်

mgyoe.com

mgyoe.com


ထောင်သည်များ ဖြစ်လာကြသည်။ ဘာမျှ သွေးသားမတော်ဘဲ နိုင်ငံရေး သွေးသားတော်ရုံမျှနှင့် လင်မယားကို အိမ်မှာတင်ပြီး ကျွေးမွေးထားခဲ့ ပေသော ဦးဘလှိုင်ပေတည်း။ ငွေရတုသဘင်မှာ ပြထားတာတွေ မကြည့် ရနေပေစေ၊ ကျွေးတာတွေ မစားရနေပေစေ၊ တွေ့ရရင် ကြားရရင် တော် ပြီဆိုကာ ရောက်လာပေသော ဦးဘလှိုင်။

## ငွေရတုသဘင်ပြပွဲ

သား အငယ်ဆုံး မောင်ခွန်သာက ငွေရတုသဘင် ပြပွဲကလေး ဟု စီစဉ်ထားသည်။ ပြပွဲဆိုသော်လည်း ကြီးကြီးမားမား မဟုတ်ပါ။ ထန်းပင်ခြေရင်းမှာ စာရေးစားပွဲတစ်လုံးကို ခင်းထားသည်။ ဘေးမှာ ကုလားထိုင်နှစ်လုံး ချထားသည်။ စာရေးစားပွဲပေါ်မှာ ခတ်ပိုငါးပုံ၊ စာအုပ်နှစ်အုပ်၊ ဇလုံတစ်ခု၊ ကြေးဇွန်းတစ်ချောင်း၊ ရေသောက်ကြေး ဖလားတစ်လုံး၊ လက်ဖက်ရည်ကရား၊ နွားနို့အိုး၊ သကြားခွက် စသည့် ပစ္စည်းများကို ချထားသည်။ ကြေးဇွန်းများပဲ့နေပြီး ရေသောက်ကြေး ဖလားမှာ ပေါက်နေပြီ။

ဦးဘလှိုင်ကို ကျွန်တော်က ပြပွဲပြထားပုံ ပြောပြသည်။

"ဘာတွေ ပြထားသလဲ" ဟု ဦးဘလှိုင်က မေးသည်။

ကျွန်တော်...

"ခင်ဗျားတို့အိမ် ကျွန်တော် ပြောင်းလာတော့ တောင်းထဲမှာ ပါလာတဲ့ ပစ္စည်းတချို့ကိုလည်း ပြထားတယ်။ ဇလုံ၊ သောက်ရေဖလား၊ ကြေးဇွန်း ဟား... ဟား... မပျောက်မရှ ကျန်နေတာကလေးတွေ ပြထား တာပေါ့ဗျာ"

ပြပွဲ ပစ္စည်းများကို သားအငယ်ဆုံး မောင်ခွန်သာက စာတန်း ကလေးများ ထိုးထားသည်။

ကျွန်တော် တက်ဘုန်းကြီးရေးချိန်တုန်းက ခတ်ပိုနှင့် လက်ထပ် ပြီး နောက်တစ်နေ့တွင် ခင်တစ်ယောက်တည်း ရိုက်ထားသော ခတ်ပုံတို့ အတွက်...

"ကျွန်တော်တို့ ဤလူ့လောကကို မရောက်မီက အဖေနှင့် အမေ

mgyoe.com

mgyoe.com


တို့၏ပုံများ (ဟဲ ဟဲ ဘယ်မှာ ကြည့်ဆိုးလို့တုန်း)" ဟု ရေးထားသည်။

နောက်ပြီး ညားပြီးစ နှစ်ယောက်တွဲ ရိုက်ထားသော ဓာတ်ပုံအတွက်...

"အဲဒီတုန်းကတော့ လူ့လောကကြီးထဲမှာ သူတို့နှစ်ယောက်တည်း နေချင်ခဲ့ကြမှာပါပဲ"

သားသုံးယောက်နှင့် သမီးတစ်ယောက် ညီအစ်ကို မောင်နှမတစ်စု ရိုက်ထားသော ဓာတ်ပုံအတွက်...

"သို့သော် ကျွန်တော်တို့ လေးယောက် ပေါ်ပေါက်ခဲ့လေသည်"

မိသားစု ခြောက်ယောက် စုရိုက်ထားသော ဓာတ်ပုံအတွက်...

"ငွေရတုသဘင်နှစ်တွင် မိသားစု စုံစုံလင်လင် ဓာတ်ပုံရိုက်နိုင်ရန် အတော်ကြိုးစားရပါသည်။ စုံတုန်းကြုံတုန်း အမြန်ဆုံး ဓာတ်ပုံရိုက်ရသဖြင့် ကျွန်တော်တို့ ဆံပင်များကို သပ်သပ်ရပ်ရပ် ပြုပြင်မထားနိုင်ပါ"

(ဓာတ်ပုံပါ သားသုံးယောက်၏ဆံပင်များမှာ ရှည်ရှုံမက ရှုပ်ပွေနေပါသည်။ သားကြီးကမူ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးထားချိန် ဖြစ်ပါသည်။)

ဇလုံပေါက်၊ ဖလားပေါက်၊ ဇွန်းကျိုး စသည်များအတွက်...

"အဖေနှင့် အမေတို့သည် အိမ်ထောင်သည် ဘဝကို ဤပစ္စည်းများဖြင့် စခဲ့ကြသည်။ ယခုတော့ သူတို့ကို အနားပေးထားလိုက်ပါပြီ"

ကျွန်တော် ရေးသော "အရှေ့က နေဝန်းထွက်သည်ပမာ" ဝတ္ထုနှင့် ခင်ကြည်ကြည်ဘာသာပြန်သော "သိပ္ပံပညာနှင့် ရူပဗေဒစာအုပ်" နှစ်အုပ်အတွက်–

"လွန်ခဲ့သော ၂၅ နှစ်အတွင်း အဖေရေးသော အထူးဆုံးသော ဝတ္ထုစာအုပ်နှင့် အမေ ဘာသာပြန်သော အထူးဆုံးသော သိပ္ပံပညာစာအုပ်များ ဖြစ်ပါသည်။ အကယ်၍ သားသမီးများဖြစ်ကြသော ကျွန်တော်တို့အထဲမှ တစ်ယောက်ယောက်သည် ထိုစာအုပ်ကြီးများကို မဖတ်ရသေးဘူးဟု ဆိုပါလျှင် ခွင့်လွှတ်ကြပါ"

ကျွန်တော်တို့ လက်ထပ်စဉ်က လက်ဖွဲ့ပစ္စည်းအချို့ဖြစ်သော ငွေရောင်တင်လက်ဖက်ရည်ကရား၊ နွားနို့ခွက်၊ သကြားခွက် စသည်တို့

mgyoe.com

mgyoe.com


အတွက်...

"အိမ်ထောင်ပစ္စည်းများ ထူထောင်ကြရာတွင် မိတ်ဆွေများက ကူညီကြပါသည်။ ဒေါ်ခင်ခင်ကြီး၏ မင်္ဂလာလက်ဖွဲ့ပစ္စည်း"

စားပွဲဘေးရှိ ကုလားထိုင်နှစ်လုံးအတွက်...

"အိမ်ထောင်ပစ္စည်းများကို မိတ်ဆွေများက နောက်ထပ်ဖြည့်ကြသည်။ တိုင်းချစ် သခင်သိန်းဖေနှင့် ဒေါ်မြမြ (ရုပ်ရှင်မင်းသား ဇော်ဝမ်း၏ အဖေနှင့် အမေ) တို့ ဖြည့်ပေးသော ကုလားထိုင်အစုံ"

စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

ရေခဲသေတ္တာပေါ်တွင် တင်ရန် "ရုပ်ရှင်မင်းသားဦးထွန်းဝေဖြည့်ပေးသော အိမ်ထောင်ပစ္စည်း" ဟု စာတန်း ရေးထားပါသေးသည်။ ထိုရေခဲသေတ္တာကြီးကို ထန်းပင်အောက်ပြပွဲမှာ ထုတ်မပြနိုင်ခဲ့ပါ။

ပစ္စည်းများတင်ပြထားသော စားပွဲမှာ "မင်္ဂလာဦးကစ၍ ယခုတိုင် အဖေ စာရေးသော စားပွဲ" ဟု ရေးထိုးထားပါသည်။

ဦးဘလှိုင်ကတော့ ပြပွဲအကြောင်းကို အကြားနှင့်ပင် လွမ်းရတော့သည်။

ညနေ ၆ နာရီမှာ အခမ်းအနား စမည်ဟု အားခဲထားသော်လည်း လူမစုံသဖြင့် မစရသေး။

**မိတ်ဆွေများ ရောက်လာကြပြီ**

သခင်ကျော်စိန်နှင့် ဒေါ်မိမိကြီးတို့ ရောက်လာကြပါပြီ။

သခင်ကျော်စိန်ကား ကျွန်တော်နှင့် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်ဖြစ်၏။ ယခု ကုန်သွယ်ရေး ၉ မှ ဒု-ဉက္ကဋ္ဌဖြစ်နေသည်။ ဒေါ်မိမိကြီးမှာ ကျွန်တော်နှင့် ကျောင်းနေဖက် ဖြစ်သည်။ ကျွန်တော်တို့သည် တစ်လမ်းတည်း အတူနေကြသော အိမ်နီးနားချင်းများလည်း ဖြစ်ကြ၏။

ဆရာဇဝနနှင့် ဒေါ်ထားအိတို့လည်း ရောက်ကြပြီ။

ဇဝနနောစကီးကို စစ်မဖြစ်မီ လူပျိုဘဝကပင် သိခဲ့ပါ၏။ အတော်အတန်လည်း ကျွမ်းခဲ့ပါ၏။ သို့သော် စစ်အပြီးမှာ ကျွန်တော်တို့ ပိုရင်းနှီးကြသည်။ စာရေးဆရာ သတင်းစာဆရာ လုပ်ဖော်ကိုင်ဖက်အချင်းချင်းမို့

mgyoe.com

mgyoe.com


ရင်းနှီးသည်သာမက၊ အိမ်ရှင်မချင်း ရင်းနှီးသွားသောကြောင့် ကျွန်တော်တို့နှစ်ယောက် ပိုရင်းနှီးသွားပြန်သည်။ ဇဝနသည် ဇနီးနှင့် ဆက်ဆံရာမှာလည်းကောင်း။ သားသမီးနှင့် ဆက်ဆံရာမှာလည်းကောင်း၊ အလွန်ချစ်စရာကောင်းသည်။ အတုယူစရာအကွက်များရှိသဖြင့် ကျွန်တော်အတုယူပါသည်။ သူတို့အိမ်ထောင်ရေးသည် သာယာသည်။ သူတို့မှာ မြေးကလေးတွေ မရခင်ကဆိုလျှင် ဇဝနမထားအိတို့၏ မင်္ဂလာနှစ်ပတ်လည်နေ့များ ကျင်းပလေ့ရှိသည်။ ကျွန်တော်တို့ လင်မယားအပါအဝင် လင်မယားနှစ်စုံတွဲ သုံးစုံတွဲနှင့် တိတ်တဆိတ် ကျိတ်ကျင်းပခြင်းဖြစ်ပါသည်။ ယခုတော့ သူတို့ နှစ်ပတ်လည်ကို မကျင်းပနိုင်တော့ပြီ။ မြေးများနှင့် မအားနိုင်အောင် ရှိကြလေပြီ။

လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ်ဦးလှမြိုင်နှင့် မြင့်မြင့်တို့လည်း ရောက်ကြပါပြီ။

ရဲဘော်လှမြိုင်နှင့် ကျွန်တော်တို့ လင်မယားမှာ ကွန်မြူနစ်ပါတီတွင်းမှာ ရှိခဲ့ကြစဉ်ကပင် ရဲဘော်ရဲဘက်စိတ်ဖြင့် ရင်းနှီးခဲ့သည်။ ယခုတော့ အလုပ်ချင်းက ဆက်နေကြသည်။ ခင်နှင့် မြင့်မြင့်တို့မှာလည်း ညီအစ်မသဖွယ် ခင်မင်ကြသည်။

ရစ်ချတ်ဝင်းဖေနှင့် အေဒါတို့လည်း ရောက်ကြပါပြီ။ ရစ်ချတ်ဝင်းဖေခေါ် ဦးဝင်းဖေမှာ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရအဖွဲ့ ဒုတိယအတွင်းဝန် ဦးဝင်းဖေပင်ဖြစ်သည်။ သူကား ကဗျာဆရာ စာရေးဆရာဖြစ်၏။ စာပေဝေဖန်ရေးသမားလည်း ဖြစ်၏။ ကျွန်တော်နှင့် ကိုဝင်းဖေခင်မင်ရင်းနှီးသည်ထက် သူ့ဇနီး အေဒါခေါ် ခင်မြလှိုင်နှင့် ကျွန်တော့်ဇနီးခင်ကြည်ကြည်တို့ ခင်မင်ရင်းနှီးခြင်းက များစွာပိုသည်။ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှာ အလုပ်အတူလုပ်ကြသည်။ ညီအစ်မ အရင်းသဖွယ် ချစ်ကြသည်။ သွားအတူ လာအတူ ဆိုသလို ဖြစ်သည်။

ဦးစံသာအောင်နှင့် စောစောတို့လည်း ရောက်ကြပါပြီ။ ဦးစံသာအောင်ကား တက္ကသိုလ်များ အုပ်ချုပ်ရေးရုံးညွှန်ကြားရေးမှူးဖြစ်၏။ တက္ကသိုလ်ပညာရေး လောကတွင် ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်နေ၏။ ဦးစံသာအောင်သည် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၏

mgyoe.com

mgyoe.com


ရှုပဗေဒပါမောက္ခဟောင်းဖြစ်ခဲ့၏။ ခင်သည် သူ့လက်အောက်မှာ အလုပ်လုပ်ခဲ့ရ၏။ သူ့ဇနီး စောစောနှင့်လည်း ခင်မင်ရင်းနှီးကြ၏။

မကြင်မေနှင့် သားနှစ်ယောက်လည်း ရောက်ကြပါပြီ။

မကြင်မေ၏ခင်ပွန်း ဦးသန်းမြင့်မှာ မြန်မာနိုင်ငံမီးရထားဌာနမှာ ခရိုင် အင်ဂျင်နီယာဖြစ်ပြီး မန္တလေးသို့ ရောက်နေသည်။ မကြင်မေသည် သားနှစ်ယောက်ခြံရံ၍ လာခဲ့၏။ မကြင်မေနှင့် ခင်တို့ကား ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ ဘယ်လိုရေစက်မှန်းမသိ သူတို့ နှစ်ယောက်သည် ညီအစ်မအရင်းထက် ချစ်ကြသည်။

ချင်းတွင်း ဦးချစ်နှင့် ဇနီးမစန်းကြည်တို့လည်း ရောက်ကြပါပြီ။ သူ့အစ်ကိုတော် ဦးဘကြည်လည်း ပါလာပါသည်။ မုံရွာ ဦးချစ်ဟုခေါ်သော မောင်ချစ်မှာ ဦးအေးမောင် ဒေါ်အုန်းမေတို့၏ သားဖြစ်သည်။ ဒေါ်အုန်းမေနှင့် ကွယ်လွန်သူ ကျွန်တော့်အမေ ဒေါ်မြင့်တို့သည်လည်း ညီမအရင်းထက် ချစ်ကြသော သူငယ်ချင်းများဖြစ်ကြသည်။ ခင်နှင့် မကြင်မေတို့၏အချစ်မှာ ဒေါ်အုန်းမေနှင့် ဒေါ်မြင့်တို့၏အချစ်နှင့် အတူတူပင်ဖြစ်သည်။ အမေများက ထိုမျှ ချစ်သော သူငယ်ချင်းများ ဖြစ်သဖြင့် ကျွန်တော်နှင့် မောင်ချစ်တို့သည်လည်း ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ကြ၏။

## လာနိုင်သော ဆွေမျိုးသားချင်းများ လာကြပါပြီ

ကျွန်တော့်မှာ ညီအစ်ကို အရင်းမရှိတော့၊ အဖေလည်း မရှိ၊ အမေလည်း မရှိတော့။ အစ်ကိုရင်းသဖွယ် ချစ်ရသော အစ်ကိုတစ်ဝမ်းကွဲ ဦးဘထွန်းနှင့် ဇနီးဒေါ်ငွေရည်တို့ကို ရန်ကုန်သို့ လာပြီး ငွေရတုသဘင်မှာ ပါဝင်ဆင်နွှဲရန် ဖိတ်ကြားထားသော်လည်း မလာနိုင်ကြ။ သူတို့သမီး မစန်းညွန့်သည်သာ ငွေရတုသဘင်မှာ ပါဝင် ဆင်နွှဲနိုင်တော့သည်။ ကျွန်တော်မှာ ဆွေမျိုးအားနည်းသူ ဖြစ်နေပါသည်။

ခင့်ဘက်ကတော့ အမေလည်း ရှိသည်။ ညီမတွေ၊ မောင်တွေ၊ တူ တူမတွေ စုံစုံညီညီလည်း ရှိသည်။ ခင့်အစ်မ အကြီးဆုံး မသန်းရှင်နှင့် ခင်ပွန်း ဦးကိုကိုကြီး (မန္တလေး စိုက်ပျိုးရေးတက္ကသိုလ် ရက္ခဗေဒ

mgyoe.com

mgyoe.com


ပါမောက္ခ) တို့ကား မလာနိုင်ကြ။ ဦးကိုကိုကြီး၏ သဝဏ်လွှာသာ ရောက်လာသည်။ ခင်၏ညီမခင်စုစု (သူတို့မိသားစုတွင် တစ်ဦးတည်းသော ကြင်ဖော်မဲ့သူ) လည်း မလာနိုင်။ ခင်၏ဒုတိယညီမ ခင်မမနှင့် ခင်ပွန်း ဦးဟန်တင် (ပလက အင်ဂျင်နီယာ) တို့သည် သမီးသုံးယောက်နှင့်အတူ ရောက်ကြပါပြီ။ ခင့်ညီမ အငယ်ဆုံး ခင်ထားထား (လသာ အထက ၁ အထက်တန်းပြဆရာမ) နှင့် ခင်ပွန်း ဦးစိုးကြည် (ဒုတိယ အမြတ်ခွန်မင်းကြီး) တို့သည် တစ်ဦးတည်းသော သမီးကလေးနှင့်အတူ ရောက်နေကြပါပြီ။ ခင့်မောင်ငယ် မောင်မြင့်အောင် (တယ်လီဖုန်းဌာန စာရေးကြီး) လည်း ရောက်နေပါသည်။ သားသမီးတွေကို မခေါ်ခဲ့နိုင်။ ပြန်တော့မှ သားသမီးတွေအတွက် ရနိုင်သမျှ ထည့်ယူသွားမည်ဟု ဆိုသည်။

## အပျိုကြီးအချို့

အိမ်နီးနားချင်း သုံးအိမ်ကိုသာ ဖိတ်နိုင်ခဲ့ပါသည်။ အရပ်လေး မျက်နှာအပြည့်ပင် မဖိတ်နိုင်။ အိမ်နီးနားချင်းများလည်း ရောက်နေကြပါပြီ။ အိမ်နီးနားချင်းများအနက် ဦးဘကြည်မှာ မျက်စိခွဲထားရသဖြင့် ဇနီးနှင့်သားကို လွှတ်လိုက်ရသည်။ ဦးဘငွေ မအားသဖြင့် ဒေါ်တင်မြနှင့် သမီးတို့ လာသည်။ ဒေါ်အမာမှာ အပျိုကြီးဖြစ်သဖြင့် တစ်ယောက်တည်း လာသည်။

လူပျိုကြီးနှင့် အပျိုကြီးများကို မဖိတ်ရန် ဆုံးဖြတ်ခဲ့သော်လည်း အခြားအပျိုကြီးနှစ်ဦးကိုပါ ဖိတ်ရပါသေးသည်။ သူတို့ကတော့ ငွေရတုသဘင် ဆင်နွှဲနေသော ကျွန်တော်တို့ကို အားကျမည် မဟုတ်သော အပျိုကြီးများ ဖြစ်ပါသည်။ တစ်ယောက်က ဒေါ်တင်ထွေး (စာပေဗိမာန် အယ်ဒီတာအဖွဲ့ဝင်) ဖြစ်ပါသည်။ ကျွန်တော့်ထက် အသက် အနည်းငယ် ငယ်ပြီး ခင့်ထက် အသက် အနည်းငယ်သာ ကြီးသော်လည်း ခင်၏ အဒေါ်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်၏ ကျေးဇူးရှင် အဒေါ်လည်း ဖြစ်ပါသည်။ ကျွန်တော့် သားသမီးများက သူ့ကို ဘွားဘွား အန်တီထွေးဟု ခေါ်ကြပါသည်။

mgyoe.com

mgyoe.com


အခြားတစ်ယောက်မှာ တက္ကသိုလ် မြန်မာစာဌာန ကထိက ဒေါ်သန်းဆွေဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းသူဘဝက ခင်နှင့် ကျောင်းနေဖက်သူငယ်ချင်း ဖြစ်၏။ ယခုလည်း အဆက်အသွယ်မပြတ်။ ချစ်ခင်စွာ ဆက်ဆံနေကြ၏။

ရုပ်ရှင်မင်းသား ကိုထွန်းဝေ၏ဇနီးနှင့် သားနှစ်ယောက်လည်း ရောက်ကြပါပြီ။ ကိုထွန်းဝေက အကျွေးအမွေး တာဝန်ခံဖြစ်သဖြင့် အစောကြီးကတည်းက ရောက်နေသည်။ မီးဖိုဆောင်မှာ သူ့အဖွဲ့နှင့်သူ အလုပ်များနေသည်။ အခမ်းအနားအတွက် အဝတ်လဲရန် သူ့ဇနီးက အင်္ကျီလုံချည်များကို ယူခဲ့ရသည်။

## ထွန်းဝေစီစဉ်သော ဟင်း ၁၀ ခွက်

ထွန်းဝေနှင့် ကျွန်တော် ခင်မင်ရင်းနှီးကြသည်မှာ အနှစ် ၂၀ ကျော်သွားလေပြီ။ သူ့ကို ကျွန်တော်က ရုပ်ရှင်လောကထဲသို့ သွင်းပေးလိုက်ခြင်းဖြစ်သည်။ လုပ်ရိုးလုပ်စဉ်အဖြစ်ဖြင့် ကျွန်တော်သည် လူတစ်ဖက်သားကို ကျေးဇူးပြုလိုက်ခြင်း ဖြစ်ပါသည်။ ဗြိတိသျှဘားမားရုပ်ရှင် ဦးချန်ထွန်းထံသို့ ယခု စာနှင့် လာသူ ကိုထွန်းဝေကို ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုပါမည့်အကြောင်း စာရေးပြီး သူ့ကို လွှတ်လိုက်သည်။ ဦးချန်ထွန်းက သူ့ကို ဓာတ်ပုံဘက်မှာ စသုံးသည်။ နောက်ဆိုက်ပတ်မှာ သုံးသည်။ နောက် မင်းသားထွန်းဝေ ဖြစ်သွားသည်။ သူ့ကို စာကလေးတစ်စောင် ရေးပြီး ကျေးဇူးပြုလိုက်သလို ကျွန်တော် ကျေးဇူးပြုလိုက်သော ပုဂ္ဂိုလ်အတော်များများ ရှိပါသည်။ သူ့လိုပင် အောင်မြင်သွားသူအချို့လည်း ရှိပါသည်။ သို့သော် သူက ကျွန်တော့် အပေါ် တုံ့ပြန်ခြင်းမှာ ထူးခြားလှသည်။ ဘယ်သူနှင့်မှ မတူအောင် ထူးခြားလှသည်။ သူက ကျွန်တော့်ကို ထိုစဉ်ကာလမှ ယနေ့အထိ ဆရာတစ်ဆူထားပြီး ကိုးကွယ်သည်။ အစ်ကိုအရင်းသဖွယ်ထားပြီး ပြုစုသည်။ ကျွန်တော့်လိုအင်ကို အမြဲစောင့်ကြည့်ပြီး တတ်နိုင်သလောက် ဖြည့်စွမ်းသည်။ ကြာတော့ ကျွန်တော်က အားနာမိသည်။ သို့သော် အားနာစိတ် ပျောက်အောင် သူကျေးဇူးဆပ်သည်ကို ကျွန်တော်က အားမနာဘဲ လက်ခံအောင် သူ

mgyoe.com

mgyoe.com


လုပ်နိုင်ပေသည်။ သူ ကျေးဇူးသိတတ်သည်ကို ကျွန်တော်က ပြန်တုံ့ပြန်ရပြန်သည်။ သူ့ကို တပည့်ရင်း ညီရင်းသဖွယ် သဘောထား၍ ဆက်ဆံရသည်။ ပြောစရာ အားမနာဘဲ ပြောပြီး ဆိုဆုံးမစရာရှိ အားမနာဘဲ ဆိုဆုံးမရသည်။ ကျွန်တော် ပြောသဖြင့် သူ စိတ်ခုသွားမည်။ စိတ်ဆိုးသွားမည်၊ မုန်းသွားမည် စသည်ဖြင့် တွေးမနေရတော့ပြီ။

ခု ကြည့်စမ်း "ငါတို့ ငွေရတုသဘင် လုပ်မယ်ဟေ့" ဟု ပြောလိုက်ကတည်းက ဘာတွေလုပ်မည်ဟု သူ စဉ်းစားထားသည်။ ဘာတွေ ချက်ပြုတ်ကျွေးမယ်ဟု သူ့တရုတ် မိတ်ဆွေများ၊ တပည့်တပန်းများနှင့် စီစဉ်ထားနှင့်သည်။ ဟင်းခွက်နည်းနည်းလုပ်ပါဟု ဆိုသော်လည်း မရ။ ပွဲလှရမည်။ စား၍လည်း ကောင်းရမည်။ ဟင်းရှစ်ခွက်ပါရမည် စသည်ဖြင့် သူက ပြောလေသည်။ ကျွန်တော်က "များလှချေလားကွ" ဟု ဆိုခဲ့သည်။ တကယ်ချက်တော့ ဟင်း ၁၀ ခွက်ဖြစ်သည်။ "ငွေရတုသဘင်ပဲ ဆရာ၊ လုပ်ပါရစေ" ဟု တောင်းပန်သည်။

**ငွေရတုသဘင်မိန့်ခွန်း**

အစက ၆ နာရီထိုးလျှင် လူစုမည်၊ ကျွန်တော် စကား အနည်းငယ်ပြောမည်၊ ပြီးတော့ အဖျော်ယမကာ စတိုက်မည်။ ၇ နာရီထက် နောက်မကျဘဲ ထမင်းစကျွေးမည် စသည်ဖြင့် အစီအစဉ်ဆွဲထားခဲ့သည်။ ခုတော့ ၆ နာရီခွဲသော်လည်း လူမစုံတတ်သေး။ သေချာပေါက် လာပါမည် ပြောထားပြီး မရောက်လာသောသူများ ရှိနေသည်။ သို့သော် မစောင့်နိုင်တော့ပြီ။ ဟင်း အေးကုန်မည် စိုးရသည်။

ထို့ကြောင့် အဖျော်ယမကာကို စတိုက်လိုက်ရ၏။ ကျွန်တော်လည်း နှစ်ကျပ်ခွဲသားလောက် သောက်လိုက်၏။

ပြီးတော့ ကျွန်တော်က ဒဂုန်ဦးလှဖေ၊ ဦးသံဗျင်နှင့် ပါမောက္ခဟောင်း ဦးအေးမောင်တို့ကို "မိန့်ခွန်း ချွေခွင့်ပြုကြပါ ခင်ဗျာ" ဟု တောင်းပန်စကားပြောပြီး မိန့်ခွန်းချွေလိုက်သည်။ အဓိပ္ပာယ်ရှိရှိ စကားတော်တော်များများ ပြောရန် ခေါင်းထဲမှာ အစက စီစဉ်ထားသမျှ ပျောက်ကုန်လေသည်။ အပွဲပွဲနွှဲခဲ့လေသမျှ ခုတော့မှ ရင်ခုန်နေလေသည်။

mgyoe.com

mgyoe.com


"ကျွန်တော်ဟာ ကျွန်တော် မဟုတ်" ဟု ခံစားနေမိသည်။ ပြောလိုရင်း အချက်တွေ မေ့ကုန်သည်။ စကား အသုံးအနှုန်းကလည်း တတိယတန်းစား ဖြစ်ကုန်သည်။ မကြာခဏ အထစ်ထစ် အငေါ့ငေါ့ဖြစ်ရသည်။

ကျွန်တော်သည် ငွေရတုသဘင် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောပြသည်။ မိန်းမနှင့် ယောကျ်ားချစ်ရသည်က လွယ်သည်။ ညားဖို့မလွယ်။ ထို့ထက် မလွယ်သည်မှာ ထို့ထက် ခက်သည်မှာ ညားပြီး ၂၅ နှစ်တိုင်တိုင် ခိုင်မြဲခြင်းဖြစ်သည်။ ငွေရတုသဘင်ရောက်တော့ ဇနီးမောင်နှံ ရာသက်ပန်ဖြစ်ဖို့ မျှော်မှန်းနိုင်လေပြီ။

## ဝိရောဓိသည် သဘာဝ

၂၅ နှစ်တိုင်တိုင် အိမ်ထောင်ရေး ခိုင်မြဲရန် အားထုတ်ရသည်။ တိုက်ပွဲဝင်ရသည်။ တိုက်ပွဲမပါလျှင် မအောင်မြင်နိုင်။ လင်မယားကြား ပဋိပက္ခဆိုသည် ရှိစမြဲ။ ဝိရောဓိသည် သဘာဝ။ လင်နှင့်မယား လျှာနှင့်သွားဟူသော စကားရှိသည် မဟုတ်ပါလော။ သို့သော် ထိုဝိရောဓိများ၊ ထိုပဋိပက္ခများကို ဖြေရှင်းရသည်။ ညီညွတ်ရေးကို ဦးတည်၍ ဖြေရှင်းရသည်။ ပေါင်းစည်းရန် တိုက်ပွဲဆင်ရသည်။ ကွဲပြဲရေး ဦးတည်၍ မဖြေရှင်းရ၊ ပေါက်ကွဲမှု အကြမ်းဖက်မှုတို့နှင့် တိုက်ပွဲမဆင်ရ။ ကျွန်တော်တို့ လင်မယားသည် ပဋိပက္ခနှင့် ဝိရောဓိများကို အကြမ်းမဖက်ဘဲ ဖြေရှင်းနိုင်ခဲ့သည်။

"တစ်ချက်မှ မရိုက်ခဲ့၊ မနှက်ခဲ့ရပါဘူးဗျာ" ဟု ကျွန်တော်က ဝင့်ဝင့်ဝါဝါ ပြောလိုက်ပါသည်။ ပရိသတ်က ရယ်ကြသည်။ ခင်က ထပြီး "ရိုက်ရင်ကော ခံမှာတဲ့လား" ဟု မပြောလိုက်လို့ တော်ပေသေးသည်။

ထိုစကားများကို ပြောနေစဉ် ကျွန်တော့်စိတ်သည် အတိတ်ဆီသို့ ပြန်ပြေးနေသည်။ လင်မယား ညားခါစ စကားများခဲ့ကြပုံကို ပြန်သတိရမိနေသည်။ လင်မယား ပဋိပက္ခပေါက်ကွဲတော့မည်ဆိုလျှင် မျိုသိပ်ထားလိုက်သည်။ အထူးသဖြင့် အခြားသူများရှေ့တွင် အပေါက်အကွဲမခံ။ လင်မယား လမ်းလျှောက်ထွက်ကြသည်။ လူသူ ကင်းရှင်း၍ သာယာ

mgyoe.com

mgyoe.com


သော နေရာ တစ်နေရာ (ကန်ပေါင်ရိုးလို နေရာမျိုး) မှာ ထိုင်ကြသည်။ ပြီးတော့ ဝိရောဓိကို ဖြေရှင်းကြသည်။ ပဋိပက္ခကို ငြိမ်းချမ်းစွာ တိုက်ကြသည်။ အော်ကြီး ဟစ်ကြီး မပြောဘဲ ကျိတ်၍ စကားများကြသည်။ မိန်းမဟူသည် မျက်ရည်ပါတတ်သည်ဖြစ်ရာ ခင်သည်လည်း မျက်ရည်ဖြိုင်ဖြိုင်ကျသည်အထိ စကားများသည်။ ခပ်လှမ်းလှမ်းမှ မြင်သူတို့ကတော့ သမီးရည်းစား စကားပြောနေကြသည်ဟု ထင်ကြပေလိမ့်မည်။ ကျွန်တော်တို့ကား အချီအချ စကားပြောနေကြ၏။ ဆင်ခြေပေးကြ၏။ ဝေဖန်ကြ၏။ အတန်ကြာတော့ ခင့်မှာ မျက်ရည်တွေ ခန်းသွားပြီ။ ခဲလုံးကလေးတွေကို ကောက်ပြီး ရေကန်ထဲသို့ လိုမ့်၍ လိုမ့်၍ချနေလေပြီ။

ကျွန်တော့်စိတ်ကို ဤသို့သော အတိတ်တွေမှ မနည်းချည်း ပြန်ခေါ်ယူရသည်။ ပြီးတော့မှ ပြောလက်စ စကားတွေ ဆက်ပြောရသည်။ ငွေရတုသဘင်သို့ ရောက်လာသော ပုဂ္ဂိုလ်အချင်းချင်းကို မိတ်ဆက်ပေးရသည်။ မကြာမီ ရွှေရတုသဘင် ကျင်းပနိုင်တော့မည်။ ဒဂုန်ဦးလှဖေတို့အတွဲ၊ ဦးသံဗျင်တို့အတွဲ၊ ဦးအေးမောင်တို့အတွဲတို့မှသည် အပျိုကြီးများ ဖြစ်ကြသော ဒေါ်တင်ထွေး၊ ဒေါ်သန်းဆွေတို့အထိ အသောကလေးများရော၍ မိတ်ဆက်ပေးရသည်။

လာမည်ဆိုပြီး မရောက်လာသေးသော ပုဂ္ဂိုလ်များအကြောင်းကိုလည်း ပြောပြရသေးသည်။

ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်အဖြစ်ဖြင့် ယာယီဆောင်ရွက်လျက်ရှိသော ဦးထိန်လင်းနှင့်ဇနီး ဒေါ်စောမြတို့အကြောင်း၊ ဦးထိန်လင်းကတော့ လာမည်မဟုတ်၊ ညော့်ခံပွဲ တက်လေ့မရှိ။ နေ့ခင်းတွင် ပါတီနှင့် ပြည်သူ့တောင်သူလယ်သမား အစည်းအဝေး၊ သတင်းစာအစည်းအဝေး စသည်ဖြင့် အစည်းအဝေး အများအပြားထိုင်ရသူဖြစ်၍ ညဘက်မှာ အယ်ဒီတာအလုပ်ကို အများဆုံးလုပ်ရသူဖြစ်သည်။ ဒေါ်စောမြကတော့ မရောက်ရောက်အောင် လာမည်။ ကမ္ဘာအေးမှာ ဗဟိုပြည်သူ့အလုပ်သမားကောင်စီ အစည်းအဝေးကျင်းပနေသည်။ ကမ္ဘာအေးမှာညအိပ်ရသည်။ သို့သော် လာဖြစ်အောင် လာမည်တဲ့။

mgyoe.com

mgyoe.com


စိတ်ကြားချက် လက်ခံထားသူအားလုံး စုံစုံညီညီ

ဟော... ပြောရင်းဆိုရင်း ဒေါ်စောမြ ရောက်လာပြီ။

ဒေါ်စောမြကား လွန်ခဲ့သော ၂၅ နှစ်ကျော်တုန်းက ဒေါ်စောမြနှင့် လုံး၀ မတူတော့ချေ။ ကွန်မြူနစ်ပါတီမှာ ကျွန်တော်တို့နှင့်အတူ ရှိစဉ်က လည်းကောင်း၊ အလံနီပါတီအဖြစ် ခွဲထွက်သွားသောအခါ၌ လည်းကောင်း မစောမြမှာ နှုတ်သီးကောင်းလျှာပါးနှင့် သွက်လက် ဖျတ်လတ်သော မစောမြ ဖြစ်ခဲ့၏။ ယခုတော့ ၀ဖြိုးလှသော ခန္ဓာကိုယ် အတ္တဘော ကြီးကိုဆောင်ကာ တအိအိ တဖြည်းဖြည်းသာ လှုပ်ရှားသွားလာရသော၊ လိုအပ်မှ စကားပြောသော၊ မေးမှ ပြောသော ဒေါ်စောမြကြီး ဖြစ်နေပေပြီ။

မစောမြလို ကိုယ်ခန္ဓာ မ၀ချင်သော်လည်း ကျွန်တော်လည်း မစောမြလို မကျင့်သုံး မပြောဆိုသင့်ပါသလော။ နှုတ်သီးကောင်း လျှာပါးအဖြစ်ကို မပြောင်းလဲ သင့်သလောစသည်ဖြင့် ကျွန်တော့်ကိုယ်ကို ကျွန်တော် အကြိမ်ကြိမ် မေးမိပါသည်။

ထို့နောက် လင်မယားနှစ်တွဲ ရောက်လာကြပါသည်။ မြန်မာနိုင်ငံ ဆိုင်ရာ ဆိုဗီယက်ယူနီယံ သံရုံးမှ ကောင်စယ်လာ မစ္စတာ ရစ်ဇဗင်းနှင့် ပထမအတွင်း၀န် (ယဉ်ကျေးမှု) မစ္စတာကီး(ဗ)ရှား ဇနီးမောင်နှံတို့ ဖြစ်ပါ သည်။

ကျွန်တော်တို့တွင် နိုင်ငံခြားမိတ်ဆွေအများအပြား ရှိပါသည်။ သို့သော် လင်ရောမယားပါ ခင်မင်ရင်းနှီးသော နိုင်ငံခြားမိတ်ဆွေ အနည်း အကျဉ်းသာ ရှိပါသည်။ ထိုအနည်းအကျဉ်းမျှသော နိုင်ငံခြား မိတ်ဆွေ များအနက် မစ္စတာရစ်ဇဗင်းနှင့် ဇနီး၊ မစ္စတာကီး (ဗ) ရှာနှင့် ဇနီးတို့မှာ ထူးခြားပါသည်။ ရစ်ဇဗင်းသည် မြန်မာနိုင်ငံသို့ ရောက်သည်မှာ သုံးကြိမ် ရှိပါပြီ။ အတွင်း၀န်ကလေးသုံးလေး နှစ်လုပ်၊ အတွင်း၀န်ကြီး သုံးလေးနှစ် လုပ်၊ ယခုတော့ ကောင်စယ်လာအဖြစ်နှင့် ပြန်ရောက်နေပေသည်။ သူ့ ဇနီး ဗလင်တီနာနှင့် ခင်တို့သည် ခင်မင်နေကြသည်။ ကီး(ဗ)ရှားကား ယဉ်ကျေးမှုအတွင်း၀န် ဖြစ်ပြီးလျှင် ဆိုဗီယက်ယူနီယံနှင့် အခြားနိုင်ငံများ ယဉ်ကျေးမှုဆက်သွယ်ရေးအသင်း၏ ကိုယ်စားလှယ်လည်း ဖြစ်သည်။ သူသည် မြန်မာဆိုဗီယက် ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ်အသင်းနှင့်လည်း

mgyoe.com

mgyoe.com


ပူးပေါင်းဆောင်ရွက်ရသည်။ မြန်မာစာရေးဆရာတို့နှင့် မိတ်ဖွဲ့ရသည်။ သူ့ဇနီးသည် နာဇီတို့က လီနင်ဂရက်မြို့ကို ဝိုင်းထားစဉ်က အရွယ်ရောက်ခဲ့ရပြီး စစ်အကြောင်း ကောင်းကောင်းသိသူ ဖြစ်သည်။ လီနင်ဂရက်မြို့ကို ကာကွယ်ရေးမှာလည်း ငယ်ငယ်ရွယ်ရွယ်နှင့် ပါဝင်ခဲ့ရသူဖြစ်သည်။ သူသည် အလွန်သဘောကောင်းပြီး၊ ဟာသရှိသူဖြစ်သည်။ အင်္ဂလိပ်စကား ကောင်းစွာမတတ်သော်လည်း အင်္ဂလိပ် စကားတစ်လုံးနှစ်လုံးပြောသည်။ လက်ဟန်ခြေဟန်နှင့် ဖြည့်ပြီး၊ တစ်ဖက်သားက သူ့ပြက်လုံးကို နားလည်အောင် ပြက်လုံးထုတ်နိုင်သူ ဖြစ်သည်။ ခင်သည် လူတစ်ယောက်ကို တွေ့တွေ့ချင်း မခင်တတ်ချေ။ သူမကိုမူ တွေ့တွေ့ချင်း ခင်မင်သွားလေသည်။

ကျန် နှစ်တွဲကား လာတော့မည် မထင်ပါ။ နောက်ကျမှ ရောက်လာလျှင်လည်း မတတ်နိုင်။ ကျွေးမွေးဧည့်ခံခြင်း စရလေသည်။

ကျန်နှစ်တွဲအနက် ဒေါက်တာမောင်မောင်ခနှင့် ဇနီးတို့သည် ရုပ်ရှင်ပြနေချိန်မှ ရောက်လာကြ၏။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမောင်မောင်ခနှင့် ဇနီးခင်စိုးတင် (စမ်းချောင်း အထက ၂ အထက်တန်းပြ ဆရာမ) တို့သည် ကျွန်တော်တို့နှင့် လင်ရောမယားပါ ခင်မင်ရင်းနှီးကြသူများဖြစ်သည်။ ရုပ်ရှင်ပြ၍ ပြီးခါနီးမှ ရောက်လာသူမှာ ကိုအောင်သန်းဖြစ်သည်။ သူ့ဇနီးမနု မပါခဲ့၊ ကိုအောင်သန်းနှင့် မနုတို့မှ မွေးဖွားခဲ့သူမှာ ရုပ်ရှင်မင်းသမီး ခင်သန်းနု ဖြစ်၏။ သူတို့နှင့် ကျွန်တော်တို့ခင်မင်ရင်းနှီးရသည်မှာ ရုပ်ရှင်ကြောင့် မဟုတ်ပေ။ ရုပ်ရှင်လုပ်ငန်းနှင့် အလှမ်းဝေးလှသော ခြံစိုက်လုပ်ငန်းကြောင့် ဖြစ်သည်။ ပေါင်းကူးရွာတွင် ကျွန်တော်နှင့် ကိုအောင်သန်းတို့ ခြံလုပ်ထားကြသည်။ တနင်္ဂနွေနေ့တိုင်း ခြံအလုပ်သမားများ ဖြစ်ကြသည်။ သွားအတူ လာအတူ လုပ်ဖော်ကိုင်ဖက်များ ဖြစ်နေသည်။ အချိန်မီလာရန် ပျက်ကွက်ရခြင်းမှာ ရုပ်ရှင်ရိုက်ခြင်းလက်စမသတ်နိုင်၍ ဖြစ်ရကြောင်း ကိုအောင်သန်းက ရှင်းပြသည်။ မနုမှာ အဝတ်လဲချိန်ပင်မရှိ၍ မလိုက်ခဲ့နိုင်တော့ချေ။ သမီးရုပ်ရှင်ရိုက်ရာသို့ အဖေရော အမေရော လိုက်ရသည်။ အဖေက သမီး၏မန်နေဂျာ။ အမေက သမီး၏အလှပြင် ဆရာမ။

mgyoe.com

mgyoe.com


ကိုအောင်သန်း ရောက်လာပြီဆိုတော့ ဖိတ်ထားသမျှ ပုဂ္ဂိုလ်တွေ၊ လာမည်ဆိုထားသော ပုဂ္ဂိုလ်တွေ စုံစုံညီညီရောက်ကြပြီဟု ဆိုရပါမည်။

**ဟင်းလျာများအကြောင်း စာမဖွဲ့နိုင်**

ဒေါက်တာ မောင်မောင်ခဇနီးမောင်နှံနှင့် ကိုအောင်သန်းတို့ကို ခေါက်ဆွဲကြော်နှင့် ဟင်းချိုတို့ဖြင့်သာ ဧည့်ခံနိုင်တော့သည်။ အဖျော်ယမကာကလေး ကျန်သေးသဖြင့် တော်ပါသေး၏။ ဤဧည့်ခံပွဲတွင် အရက်သောက်သူနည်းသည်။ အစားကောင်းသူများသည်။ ထမင်းဆို၍ ထမင်းကြော်ပင် မပါပါ။ ခေါက်ဆွဲကြော်သာ ပါသည်။ သားငါးအမျိုးမျိုးကို နည်းမျိုးစုံဖြင့် ချက်ပြုတ်ကြော်လှော်ထားသော ဟင်းလျာများက လွှမ်းနေပါသည်။

ကျွန်တော်သည် ရောက်လေရာအရပ်မှာ ဧည့်ခံကျွေးမွေးခြင်းကို ခံယူပြီးနောက် ထမင်းဟင်းလျာများအကြောင်းကို မြိန်ရေရှက်ရေ ရေးသားဖော်ပြလေ့ရှိပါသည်။ ယခု ကိုယ်က ဧည့်ခံကျွေးမွေးသောအခါမှာကား ခေါက်ဆွဲကြော်အကြောင်း၊ ဟင်းလျာများအကြောင်း စသည်တို့ကို ရေးသားဖော်ပြနိုင်စွမ်း မရှိတော့ပါ။ အကြောင်းမူကား ကျကျနန ထိုင်မစားလိုက်ရသောကြောင့် ဖြစ်ပါသည်။ ချက်ပြုတ်ပြင်ဆင်နေချိန်မှာ ထွန်းဝေက မြည်းရန်ဆိုပြီး ပို့လိုက်သော အသားလုံးကြော်တစ်လုံးနှင့် ဘာကြော်မှန်း မသိသော အကြော်တစ်လုံးကိုသာ အမှတ်တရ စားလိုက်ပါသည်။ ပဲနှစ်လား။ နို့ခဲလား။ ငါးမွှေလား၊ ဘာလားမသိပါ။ ကြော်ထားသော အတုံးကလေးကို သကြားဖြူးပြီး စားရသည်။ လျှာပေါ်ရောက်တော့ အရည်ပျော်သွားသည်ဟု ထင်ရလောက်အောင် နူးညံ့သည်။

တစ်နေရာက စားပွဲတစ်ခုမှာ ဟင်းချိုသောက်မိသည်။ ဟင်းချိုထဲက ငုံးဥကိုပင် စားမိလိုက်သည်ဟု မှတ်မိသည်။ နောက်ဆုံးမှာ နောက်ကျသော ဧည့်သည်များနှင့်အတူ ဆာဆာနှင့် ခေါက်ဆွဲကြော်ကို စားလိုက်ရသည်။

သူများကို လိုက်ဧည့်ခံနေသဖြင့် ကိုယ်ကိုယ်တိုင် စားရန် သတိ

mgyoe.com

mgyoe.com

မရတော့ချေ။ ထို့ကြောင့် ဟင်းလျာများအကြောင်းကို စာမဖွဲ့နိုင်ခြင်း ဖြစ်ပါသည်။

**ရင်းနှီးမှုဆိုသည်မှာ စေတနာအလျောက် ဖြစ်ပေါ်ရသောကိစ္စ**

ကျွန်တော်သည် ကျွန်တော်တို့ ငွေရတုသဘင်သို့ တက်ရောက်လာသော ဆွေမျိုးသားချင်းများ၊ ဆရာသမားများနှင့် မိတ်သင်္ဂဟများအကြောင်းကို အသေးစိတ်ရေးသားဖော်ပြနေခြင်းမှာ ရေးစရာမရှိရေးစရာ ရှာနေခြင်း မဟုတ်ပါ။ အကြောင်းမဲ့ မဟုတ်ပါ။ အိမ်ရာတည်ထောင်ခြင်း ဟူသော ကိစ္စမှာ အဓိကအားဖြင့် သိန်းဖေမြင့်နှင့် ခင်ကြည်ကြည်တို့၏ကိစ္စသာ ဖြစ်သော်လည်း ဆွေမျိုးသားချင်းတို့နှင့်လည်းကောင်း၊ ဆရာသမားများနှင့်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟများနှင့်လည်းကောင်း၊ မကင်းနိုင်ပါ။ အိမ်ထောင်ရေးအဆင်ပြေမှု၊ မပြေမှုသည် ဆွေမျိုးသားချင်းများ ဆရာသမားများနှင့် မိတ်ဆွေသင်္ဂဟများအပေါ်တွင်လည်း များစွာတည်မှီပါသည်။ အိမ်ထောင်ရေးအဆင်ပြေမှု မပြေမှုတို့တွင် သူတို့သည် အပေါင်းလက္ခဏာသော်လည်းကောင်း၊ အနုတ်လက္ခဏာသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ကိုယ့်ဘက်က ဆွေမျိုးသားချင်းကို သူ့ဆွေမျိုးသားချင်းလို လက်ခံလာအောင် သူ့ဘက်က ဆွေမျိုးသားချင်းကို ကိုယ့် ဆွေမျိုးသားချင်းလို သဘောထားနိုင်အောင်၊ ကိုယ့်ဆရာသမားကို သူ့ ဆရာသမားလို လက်ခံလာအောင်၊ သူ့ဆရာသမားကို ကိုယ့်ဆရာသမားလို သဘောထားနိုင်အောင်၊ ကိုယ့်မိတ်ဆွေသင်္ဂဟကို သူ့မိတ်ဆွေ သင်္ဂဟလို လက်ခံလာအောင်၊ သူ့မိတ်ဆွေသင်္ဂဟကို ကိုယ့်မိတ်ဆွေသင်္ဂဟလို သဘောထားနိုင်အောင် လုပ်ဆောင်ကြရာ၌ အတင်းအကျပ်လုပ်၍ မရပါ။ အလောတကြီးလုပ်၍လည်း မရ ပါ။ ဝတ္တရားတစ်ခုအနေနှင့် လိုက်နာရမည်ဟု တောင်းဆို၍လည်း မရပါ။ ခင်မင်မှုရင်းနှီးမှုဆိုသည်မှာ စေတနာအလျောက် သဘာဝကျကျ ဖြစ်ပေါ်သော ကိစ္စများဖြစ် သည်။ လွန်ခဲ့သော ၂၅ နှစ်အတွင်း မှန်ကန်စွာ အားထုတ်ခဲ့သဖြင့် အရေအတွက် မနည်းလှသော ခင့်ဆွေမျိုးသားချင်းများသည် ကျွန်တော့် ဆွေမျိုးသားချင်းဖြစ်လာသလို မနည်းလှသော

mgyoe.com

mgyoe.com


ကျွန်တော့်ဆွေမျိုးသားချင်းများသည် ခင့်ဆွေမျိုးသားချင်းများ ဖြစ်လာခဲ့ရသည်။ ဆရာသမားများမှာလည်း ထို့အတူ၊ မိတ်ဆွေသင်္ဂဟ ပေါင်းသင်းရာမှာလည်း ထိုနည်းလည်း ကောင်း၊ ဤသည်မှာ ကျွန်တော်တို့ အိမ်ထောင်ရေး၏ အောင်မြင်မှုတစ်ခု ဖြစ်၏။ ငွေရတုသဘင်သို့ လာရောက်ကြသော ပရိသတ်မှာ မများပြားပါ။ သို့သော် ထိုအောင်မြင်မှုကို ပီပြင်ထင်ရှားစွာ သရုပ်ဆောင်နေပါသည်။

**ပတ်စာခွာ ဖျာလိပ်**

စားသောက်ပြီးနောက် လူများစုသည် ပြန်သွားကြလေသည်။ ရုပ်ရှင်မကြည့်ကြတော့ပါ။ ရုပ်ရှင်ကလည်း ဇာတ်ထုတ် မဟုတ်၊ ရှမ်းမျှော်ခင်းအလှတွေ၊ အဆိုအကတွေ၊ အားကစားပြိုင်ပွဲတွေသာ ဖြစ်သည်။ ပြန်ကြသည့်အကြောင်းမှာ ရက်အား မဟုတ်သဖြင့် ညဥ့်နက်မခံနိုင်ကြခြင်းနှင့် အအေးဒဏ်မခံနိုင်ကြခြင်းတို့ဖြစ်သည်။ ဧည့်ပရိသတ်များ ပြန်သွားပြီးနောက် အိမ်သူအိမ်သားများ၊ တပည့်တပန်းများနှင့် ရဲဘော် ရဲဘက်များသည် "ပတ်စာခွာ၊ ဖျာလိပ်" လုပ်ကြရသည်။ ချက်ပြုတ်မှုကို တာဝန်ယူကြသော ထွန်းဝေတို့လူစုသည် အိုးတွေခွက်တွေကို ဆေးကြောရုံမက ပစ္စည်းလက်ကျန်တွေကို သိမ်းဆည်းရသည်။ အတူနေသူ မလှရီတို့ လူစုသည် ပန်းကန်ခွက်ယောက်တွေကို ဆေးကြောရုံမက၊ အဝတ်နှင့် သုတ်ကြရသည်။ အကွဲအရှ ရှိမရှိ အပျောက်အဆုံးရှိမရှိ စစ်ဆေးရသည်။ ခင်သည် ဇွန်းများကို ရေတွက်နေသည်။ ကိုအေးမောင် (မလှရီခင်ပွန်း) နှင့် ရဲဘော်ရဲဘက်များသည် ပုလင်းများ၊ ဖန်ခွက်များ၊ စားပွဲများ၊ ကုလားထိုင်များ၊ ဖျာများနှင့် ကော်ဇောများကို သိမ်းဆည်းကြရလေသည်။

သူတို့တစ်တွေ အလုပ်များနေစဉ် ကျွန်တော်သည် မသိမ်းရသေးသော ပက်လက်ကုလားထိုင်တစ်ခုမှာ ထိုင်ကာ၊ ဘရန်ဒီနှစ်ကျပ်သားလောက်ကို ဖန်ခွက်သေးသေးကလေးမှာ ထည့်ပြီး ဘာမှမရောဘဲ တစ်စက်ချင်း၊ တစ်ပေါက်ချင်းဆိုသလို သောက်နေလေသည်။ ပတ်ပတ်လည် ထွန်းထားသော ရောင်စုံမီးမှာ လင်းနေဆဲဖြစ်သည်။ ကျွန်တော့်

mgyoe.com

mgyoe.com


စိတ်သည် လွန်ခဲ့သော ၂၅ နှစ်က နိဝင်ဘာလသို့ ပြန်ရောက်သွားသည်။ အဲဒီ နိဝင်ဘာလတုန်းကလည်း ယခုနှစ် ဆောင်းရာသီလိုပင် အအေးများလေသည်။

□

mgyoe.com

mgyoe.com


## အခန်း ၂

**မြောက်လေသွေးချိန်၊ ရှောစောင်တစ်ထည်နှင့်**

နိုဝင်ဘာလသည် (တန်ဆောင်မုန်း နတ်တော်လ) မြောက်လေသွေးသောလ။ မင်္ဂလာဆောင်ရန် ကောင်းသော ရာသီဥတုဖြစ်ပါသည်။ မြန်မာ့ထုံးစံအရ သမီးရည်းစားစုံတွဲသည် မညားခင် တပူးတွဲတွဲမနေရ။ မိုးရွာ၍ ထီးအတူဆောင်းသည်ကိုပင် ရှုတ်ချချင်ကြသည်။ ညားပြီးပြီဆိုတော့ မိုးရွာလျှင် ထီးအတူဆောင်းမည်။ ချမ်းလျှင် စောင်အတူ ခြုံမည်။

ခင်နှင့် ကျွန်တော် လက်ထပ်ပြီးနောက် ဘုံရိပ်သာမှာ ပြန်နေ၍ မဖြစ်တော့ချေ။ ညနေ ၇ နာရီကျော်သောအခါ ရဲဘော် မောင်မောင်စိန်နှင့် ရဲဘော်တစ်ယောက်က ဂျစ်ကားမောင်းပြီး၊ ကျွန်တော်တို့ လင်မယားကို ကိုထွန်းစိန်၏အိမ်သို့ လိုက်ပို့ကြလေသည်။ (တောခိုနေဆဲဖြစ်သော ဖြူးမြို့သား မောင်မောင်စိန်နှင့် ယခုမိတ္ထီလာ ပြန်နေသော ကိုထွန်းစိန်)။ မင်္ဂလာဆောင်အတွက် ဝယ်ထားသော ခုတင်နှင့် အိပ်ရာများကို ကိုထွန်းစိန်တို့အိမ်မှာ ပြင်ထားသည်။ ကိုထွန်းစိန်က ဘိလပ်သွားနေပြီး သူ့အမေကြီးသာ အိမ်စောင့်ကျန်ရစ်သည်။ ဂျစ်ကားနောက်ခုံမှာ လက်ထပ်ပြီးစ လင်မယားထိုင်လိုက်ကြသည်။ မြောက်လေက သွေးနေသည်။ ဂျစ်ကားမြန်မြန် မောင်းသလောက် မြောက်လေက ကြမ်းလာသည်။ မဆွတ်ခင်က ညွတ်ချင်ဆိုသလို ကျွန်တော်တို့ အသစ်စက်စက်

mgyoe.com

mgyoe.com


လင်မယားသည် အတင်းချမ်းပစ်လိုက်ကြသည်။ ရှောတဘက် တစ်ထည်ဖြင့် အတူခြုံလိုက်ကြလေသည်။ ပေးချင်သော သစ္စာပေးပါ၊ ခင်နှင့်ကျွန်တော်တို့သည် ဤလိုနီးနီးကပ်ကပ်နေခြင်းမှာ ထိုအချိန်ကမှ စရခြင်းဖြစ်ပါသည်။ စောစောပိုင်းက အလံနီသခင်စိုးနှင့် နောက်လိုက်အချို့သည် ကျွန်တော်တို့အကြောင်းကို သားပုပ်လေလွင့်ပြောဆိုခဲ့ကြသည်။ သူတို့နှင့် ကွန်မြူနစ်ဆန့်ကျင်ရေး သတင်းစာတစ်စောင်တို့ပူးပေါင်းပြီး မဟုတ်မတရား စွပ်စွဲရေးသားခဲ့ကြလေသည်။ သူတို့က ထိုသို့ စွပ်စွဲ ပြောဆိုရေးသားချိန်တွင် ကျွန်တော်တို့သည် အချစ်ကိုဖွင့်ဟပြောဆိုပြီးကြသော သမီးရည်းစားများပင် မဖြစ်ခဲ့သေးချေ။ မျက်စိကျနေကြပြီဟုကား ဆိုနိုင်ပါသည်။

ချစ်ကြောင်း ကြိုက်ကြောင်း ဖွင့်ပြောပြီးသောအခါလည်း အချိန်ကြာကြာမဆိုင်းဘဲ၊ ပါတီကို အစီရင်ခံပါသည်။ ပါတီစည်းမျဉ်းဘောင်တွင်းမှာ သန့်ရှင်းစွာ ဆက်ဆံနေထိုင်ခဲ့ကြပါသည်။

ခင့်ကို ဖွင့်ဟအဆိုပြုစဉ်က ခင်ပြန်ပြောလိုက်သော စကားမှာ မှတ်လောက်သားလောက် ဖြစ်ပါသည်။ အလံနီများနှင့် အဆိုပါ သတင်းစာတို့ကြောင့် ခင်နာမည် ပျက်ရတယ်။ ဒါကြောင့် သနားလို့ ဒီလိုအဆိုပြုရတယ်ဆိုရင် လက်မခံနိုင်ဘူး ဟူ၍ဖြစ်ပါသည်။

လက်ထပ်ရန် အချိန်ရွေးချယ်ကြစဉ်က ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ကြားဖြတ်အစိုးရအဖွဲ့တွင် ဝန်ကြီးတစ်ဦးဖြစ်နေလေသည်။ ဖဆပလနှင့် ကွန်မြူနစ်ပါတီပဋိပက္ခမှာ စနေပြီဖြစ်သဖြင့် ဝန်ကြီးရာထူးမှာ တည်မြဲမည်မဟုတ်ကြောင်း ကျွန်တော်တို့နှစ်ယောက်စလုံးနားလည်ကြသည်။ ဝန်ကြီးရာထူးကို မဖက်တွယ်ဘဲ ပါတီကိုသာ ဖက်တွယ်ရန်လည်း ဆုံးဖြတ်ထားသူနှစ်ဦးဖြစ်သည့်အတိုင်း ဝန်ကြီးဘဝမှာ လက်ထပ်ပွဲမလုပ်ဘဲ၊ ဝန်ကြီးရာထူးမှ ထွက်ပြီးမှ လက်ထပ်ပွဲလုပ်ရန် လျာထားပြီးဖြစ်လေသည်။ ဝန်ကြီးအဖြစ်မှ ထွက်ပြီးနောက် နိုဝင်ဘာလ ၂၂ ရက်နေ့ကို သတ်မှတ်လိုက်လေသည်။ ဝန်ကြီးလစာမှာ ၄၀၀၀ိ ဖြစ်ရာ မင်္ဂလာဆောင်ရန် ငွေအနည်းငယ်ချန်ထားပြီး ကျန်ငွေများကို ပါတီသို့ လှူလိုက်ပါသည်။ ချန်ထားသော ငွေဖြင့် ခုတင်တစ်လုံး၊ စာရေးစားပွဲ

mgyoe.com

mgyoe.com


တစ်လုံး၊ ကုလားထိုင်တစ်လုံး၊ မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင် စသည့် ခန်းဝင်ပစ္စည်းများကို ဝယ်ခဲ့ရပါသည်။

ကိုထွန်းစိန်အိမ်သို့အသွားတွင် ကျွန်တော်တို့သည် မဂိုလမ်း ပလာတာဆိုင်ကို ဝင်ကြသည်။ ပလာတာ၊ ဆိတ်သားဟင်း၊ ကြက်သား ကဘတ်စသည်များကို စားကြသည်။ ထိုဆိုင်တွင် ဖျာပုံသား ဒေါက်တာ မောင်တင်နှင့် တွေ့လေသည်။ သတင်းစာတွေက ထိုနေ့တွင် ကျွန်တော် တို့ လက်ထပ်မည့်သတင်းကို ရေးထားကြသဖြင့် ဒေါက်တာမောင်တင် သည် မင်္ဂလာပွဲသို့ ဖိတ်ကြားခြင်းမခံရသော်လည်း အကျိုးအကြောင်း သိနေပြီဖြစ်သည်။ ဒေါက်တာမောင်တင်က ကျွန်တော်တို့ကို ချီးကျူး စကား၊ ဝမ်းသာစကားပြောလေသည်။

**အခန်းအပ်တော့ ခင်ပြောသော စကား**

ကိုထွန်းစိန်အိမ်သို့ ကျွန်တော်တို့ကို ပို့ပြီးနောက် မောင်မောင်စိန် နှင့် သူ့ရဲဘော်တို့သည် ပြန်သွားကြလေသည်။ ကိုထွန်းစိန်၏အမေ (မိတ္ထီလာဦးဘရင်၏ အစ်မ) က ကျွန်တော်တို့ကို အခန်းအပ်လေသည်။

ဘယ်လောက် ထူးခြားသော မင်္ဂလာဦးညဖြစ်ပါသလဲ။

ကျွန်တော်သည် ကွန်မြူနစ်တစ်ယောက်ဖြစ်သည်။ တိုင်းပြည် ကလည်း လွတ်လပ်ရေး မရသေး။ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး အမျိုးသား ဒီမိုကရေစီရေးတို့အတွက် တိုက်ပွဲအလီလီဆင်နွှဲရန် ကျန် သေးသည်။ ထို့ကြောင့် မလွဲသာ၍ အိမ်ထောင်ပြုသော်လည်း သံယောဇဉ် အနှောင်အဖွဲ့တွေ နည်းနိုင်သမျှ နည်းလိုလေသည်။ ပြီးတော့ မိသားစု စီမံကိန်းကို ယုံကြည်သည်။ နောက်ပြီးတော့ ညားခါစတွင် ကလေးမရှိ ဘဲ လွတ်လွတ်လပ်လပ် နှစ်အတန်ကြာ နေချင်သေးသည်။ ထို့ကြောင့် ကျွန်တော်က ပဋိသန္ဓေတားဆီးရေးလုပ်ဖို့ စိစဉ်ထားသည်။

ခင်ကား ကျွန်တော်နှင့် ဆန့်ကျင်ဘက်ဆန္ဒရှိ၏။ ကျွန်တော့်အဆို နှင့် မတူသော အဆိုကို ပြု၏။ ကျွန်တော်သည် တော်လှန်ရေးသမား တစ်ယောက်ဖြစ်သည်။ တော်လှန်ရေးသမားဘဝမှာ အန္တရာယ်တွေများ လှသည်။ ရှေ့အဖို့ ဘယ်အချိန် ဘယ်လိုဖြစ်မည်မသိ၊ ထို့ကြောင့် ကျွန်

mgyoe.com

mgyoe.com

တော်တို့သည် ချက်ချင်းပင် ကလေးယူကြရမည်ဟူသော အဆိုဖြစ်ပေသတည်း။ ထိုသို့သော ခင့်အဆိုကား ကျွန်တော့်အဖို့ တစ်သက်မမေ့နိုင်သော စကားများ ဖြစ်ပေသတည်း။

ခင့်ကို မိခင်စိတ်သည် လွှမ်းမိုးနေ၏။ ခင်လည်း ကျွန်တော်ကဲ့သို့ပင် ကွန်မြူနစ်တစ်ယောက်ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးသမားနယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး တော်လှန်ရေးသမားတစ်ယောက် ဖြစ်၏။ သို့သော် မိခင်ကား မိခင်သာတည်း။ မိခင်စိတ်ကား မိန်းမတို့၏ အခြေခံသဘာဝသာတည်း။

ဤနေရာတွင် ခင်နှင့် ကျွန်တော်တို့ကြားမှာ ဝိရောဓိတစ်ခုဖြစ်လာသည်။ သို့သော် ကြီးမားသော ဝိရောဓိ မဟုတ်ပါ။ လင်မယားနေမှုထိုင်မှု စားသောက်မှု အခြေမကျသေးခင် နှစ်နှစ်၊ သုံးနှစ်လောက်တော့ သားသမီးကိစ္စ ဆိုင်းဖို့ လိုပါသည်။

လောကတွင် အိမ်ထောင်ပြုခြင်းမှာ ကိစ္စနှစ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်သည်။ ပထမကိစ္စမှာ လူတို့ စားဝတ်နေရေးအတွက် ကုန်ထုတ်လုပ်ရာတွင် (ဝါ) အသက်မွေးဝမ်းကျောင်းပြုရာတွင် လုပ်အားစုတစ်ခုအနေနှင့်ပါဝင်ရန်ဖြစ်ပြီး ဒုတိယကိစ္စမှာ မျိုးဆက်ပြန့်ပွားရေးအတွက် သားသမီးမွေးမြူရေး၊ သားသမီးများကိုယ်တိုင် လုပ်အားစုများ ဖြစ်လာသည်အထိပြုစုပျိုးထောင် ပညာပေးလေ့ကျင့်ရေး ဖြစ်ပါသည်။

ခင်သည် အထက်ပါစကားဖြင့် ကျွန်တော့်အား အိမ်ရာတည်ထောင်ခြင်း၏ အခြေခံတာဝန်များကို သတိပေးလိုက်သလို ဖြစ်ခဲ့ပါလေသည်။

**လိပ်မွှော်သီးစားလျှင် ခင်ကိုယ်တိုင်ကျွေးမှ**

ထိုသို့လျှင် ပက်လက်ကုလားထိုင်ပေါ်မှာထိုင်၍ ကောညက် (ဘရန်ဒီ) ကို တစ်စက်စီ တစ်ပေါက်စီ သောက်ရင်း အတိတ်ကို ပြန်ပြောင်းစဉ်းစားနေစဉ် "အဖေကြီး ... ကဲ ထ၊ ဒီမှာ အေးလွန်းတယ် အိမ်ထဲဝင်တော့" ဟူသော ခင့်အသံကို ကြားရလေသည်။

သိမ်းကြ ဆည်းကြသော လုပ်ငန်းကိစ္စအဝဝပြီးလေပြီ။ မြက်ခင်း

mgyoe.com

mgyoe.com


နှင့် ပန်းခြံတစ်ခုလုံး ရှင်းလင်းနေလေပြီ။ ရှင်းလင်းနေပြီ ဆိုသော်လည်း လုံးထွေးပစ်ချထားသော စက္ကူလက်သုတ်ပဝါများကို တွေ့နေရသေးသည်။ ယင်းတို့ကို နက်ဖြန်မှ ကောက်ပစ်ရတော့မည်။ ကျွန်တော်သည် ပက်လက်ကုလားထိုင်ကို ထမ်းပြီး အိမ်ထဲ ဝင်ခဲ့လေသည်။

အိမ်ထဲရောက်မှ တစ်ခုခု စားချင်စိတ် ပေါက်လာသည်။ ခင့်ကို ဘာစားစရာ ကျန်သေးသလဲဟုမေးရာ ဘာမျှ မကျန်တော့ဟု ဆိုသည်။ ခင်လည်း ဧည့်ခံနေရသည်နှင့် ဘာမျှကောင်းကောင်း မစားဖြစ်ခဲ့။ ခင်ကျိုသော ကျောက်ကျောသည်ပင် ပြောင်ချောကုန်လေပြီ။ ခင်က ဤကျွေးနည်းမှာ အလေအဖိတ် များလွန်းသည်ဟု ညည်းညူသည်။ ဧည့်သည်တွေက ပန်းကန်ထဲ မြင်သမျှ ကောက်ထည့်၊ အကုန်မစားနိုင်တော့ ချန်ထား၊ စားကြွင်း စားကျန်အဖြစ်ဖြင့် လွှင့်ပစ်ရ၊ အလုပ်လုပ်သူတွေလည်း မစားလိုက်ရ စသည်ဖြင့် မလှုရီကို ခင်က ပြောနေလေသည်။ အခွံနွှာပြီးဖြစ်သော လိမ္မော်သီးစိတ်ကလေးတွေ ကျန်နေ၍ တော်ပေသေး၏။ ခင်သည် လိမ္မော်သီးစိတ်ကလေးတွေကို အရေခွာအမျှင်သင်ပြီး ကျွန်တော့်ကို ကျွေးလေသည်။ ခင်သည် အပြင်မှာ အလုပ်လုပ်သော အိမ်ရှင်မဖြစ်၏။ အိမ်တွင်းမှုတာဝန်များကို မလှုရီနှင့် လုံးလုံးလွှဲထားရ၏။ ကျွန်တော့်ကို များများစားစား ပြုစုယုယနိုင်ခြင်း မရှိ။ ကျွန်တော်ကလည်း ကိုယ့်အားကိုယ်ကိုးသမား။ ကိုယ့်လုံချည် ကိုယ်ခေါက်၊ ကိုယ့်ဖိနပ် ကိုယ်တိုက်၊ အိမ်သာ ကိုယ်တိုင်ဆေး စသည်ဖြင့် လုပ်သူဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ခင်၏ပြုစုယုယမှုကို ခံလိုသည်။ အထူးသဖြင့် လိမ္မော်သီးစားလိုလျှင် ခင်ကိုယ်တိုင် ယခုလို အခွံနွှာအရေခွာပြီး အမျှေးအမျှင်များကို သင်ပေးမှ စားသည်။ အခြားနည်းဖြင့် လိမ္မော်သီး မစားတော့သလောက် ဖြစ်သည်။ ပြီးတော့ လက်သည်းကို ကျွန်တော်ကိုယ်တိုင်လှီး၍ ပြီးသော်လည်း ခြေသည်းကို ခင်လှီးပေးမှ ပြီးတော့သည်။

ကျွန်တော်တို့ လိမ္မော်သီးစားနေချိန်တွင် သားမောင် အာသာမြင့်၊ သားမောင်ခွန်သာမြင့်နှင့် သူငယ်ချင်းနှစ်ယောက်တို့သည် သိမ်းဆည်းမှုကိစ္စအဝဝ ပြီးကြသည်နှင့် သူတို့ဂုက်ထားသော စားစရာများကို ထုတ်ကြ

mgyoe.com

mgyoe.com


လေသည်။ ကျွန်တော်က သူတို့ကို "ကဲ ဒီနေ့ညတော့ မင်းတို့ကို ဘရန်ဒီ နည်းနည်းစီ မြည်းခွင့်ပေးမယ်၊ ဖန်ခွက်ယူခဲ့ကြ" ဟု ပြောလိုက်သည်။ သူတို့ယူလာသော ဖန်ခွက်များတွင် ကောညက် ပက်တစ်ဝက်စီ (နှစ်ကျပ်သားခန့်စီ) ထည့်လိုက်သည်။ သူတို့သည် ရေရောပြီးနောက် မြက်ခင်းသို့ သွားကာ အမြည်းကောင်းကောင်းနှင့် သောက်ကြလေသည်။ ကျွန်တော်သည် အရွယ်ရောက်လာပြီဖြစ်သော သားများကို တစ်ဖက်က တစ်ခါတစ်ရံ ကျွန်တော့်မျက်မှောက်မှာ အနည်းအကျဉ်း အရက်မြည်းခွင့်ပြု၍။ အခြားတစ်ဖက်မှာ "တန်ဆေး လွန်ဘေး" ဟူသော စကား၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း၊ အရက်၏ကျေးကျွန်ဖြစ်နေသော လူအချို့ ပျက်စီးဆုံးရှုံးရပုံကိုလည်းကောင်း ဟောပြော၍။ သားသမီးများသည် မိဘစကားကို မိဘမျက်မှောက်မှာသာမက မိဘမျက်ကွယ်မှာလည်း နားထောင်ရန်ဆိုသည်မှာလည်း သူတို့သိက္ခာ သူတို့ သမာဓိကို ပုံအပ်ယုံကြည်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိကြောင်းကိုလည်း ရှင်းပြရ၏။

အာသာမြင့်တို့ လူသိုက်သည် စားရင်း သောက်ရင်းဖြင့် စကားတပြောပြောနှင့် အတော်ညဉ့်နက်အောင် နေကြလေသည်။ ထို့နောက် သူငယ်ချင်းများ ပြန်သွားလေသည်။ မောင်ခွန်သာက ရောင်စုံမီးများ ပိတ်၍ မောင်အာသာက တံခါးများကို ပိတ်လေသည်။

သမီးကား မောမောဖြင့် သူ့အခန်းသူ ဝင်ပြီး အိပ်နေလေပြီ။

## သားဦးအတွက် ရှုးခဲ့ရပုံ

သားကြီး မောင်ဟသ်ာ (ဟန်သာမြင့်) ကား စောစောက ဧည့်သည်များနှင့်အတူ စားသောက်ပြီး သူ့အလုပ်သို့ ပြန်သွားရလေသည်။ ယခုအခါ မောင်ဟသ်ာသည် ၂၃ နှစ် ရှိလေပြီ။ အကယ်၍ ဟိုတုန်းက ကျွန်တော့်ဆန္ဒအတိုင်းသာဖြစ်ရမည်ဆိုသော် သူသည် အသက် ၂၃ နှစ် ရှိဦးမည်မဟုတ်ချေ။ ဘီအီး (လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာ) အောင်ပြီးနောက် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဌာနတွင် အလုပ်ဝင်လုပ်နေသည်မှာ တစ်နှစ်ကျော်သွားလေပြီ။ ဌာနတွင်း လေ့ကျင့်သင်ကြားရေးကျောင်းမှာ ဆရာလုပ်ရသည်။ ဘော်ဒါအုပ်လည်း လုပ်ရ

mgyoe.com

mgyoe.com


သည်။ အလုပ်ခွင် ဝင်လျှင်ဝင်ချင်း ပြဿနာမျိုးစုံနှင့် တိုးရလေသည်။ သူ့ထက် အရွယ်များစွာကြီးသော ကျောင်းသားကြီးများနှင့် ဆက်ဆံရသည်။ တစ်ခါမှ ဈေးမရောက်ဖူးသူမှာ ဈေးလိုက်ဝယ် ရသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကြိုဟ်တုမှတစ်ဆင့် ဆက်သွယ်ရန် လေ့ကျင့်တွက်ချက်ခဲ့သူသည် သား၊ ငါး၊ ဘူးသီး၊ ခရမ်းသီးဈေးစာရင်းကို တွက်ချက်နေရလေပြီ။

မောင်ဟသ်ာသည် အမေနှင့် အဖေတို့၏ ငွေရတုသဘင်တွင် ခဏသာ နေနိုင်သည်။ တာဝန်ရှိရာ သူ့ဘော်ဒါဆောင်သို့ ပြန်ပြေးရသည်။

မောင်ဟသ်ာကား သားဦးဖြစ်၏။ မိဘတို့သည် သားဦးအတွက် ရူးရသည်ဆိုသော စကားမှာ အမှန်ပင်ဖြစ်၏။ သူ့မမွေးခင် သူ့အမေဝမ်းဗိုက်တွင် လှုပ်ရှားသည်ကို တွေ့ရသောအခါ လက်ကလေးလား၊ ခြေထောက်ကလေးလား စမ်းစမ်းကြည့်ရသည်မှာ အမောပင်။ သားကလေးလား၊ သမီးကလေးလား၊ ရုပ်ဆိုးသလား၊ ရုပ်လှသလား၊ အင်္ဂါစုံရဲ့လား၊ မစုံဘူးလား ဘာမှမသိ။ မမွေးခင်က မှန်းဆကာ နမ်းမိသည်မှာလည်း ရယ်စရာ ကောင်းလှသည်။

သူ့မွေးချိန်မှာ ဖဆပလအစိုးရနှင့် ကွန်မြူနစ်တို့၏ လက်နက်ကိုင် ပဋိပက္ခ စတင်ချိန်ဖြစ်သည်။ ကျွန်တော်သည် နှစ်ဖက်၏ အပြုတ်တိုက်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး လက်ဝဲညီညွတ်ရေးကို အခြေခံသော အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်ကို ချမှတ်လုပ်ဆောင်နေချိန်ဖြစ်၏။ နုမှု၊ ရဲဘော်မှု စသည်များ အငြင်းပွားနေချိန်ဖြစ်၏။ အလုပ်များရသည့်ကြားက ဒပ်ဖရင်ဆေးရုံသို့ မှန်မှန်သွား၍ သားကလေးကို ကြည့်ရသည်။ သားကလေးကို တော်တော်နှင့် မနမ်းရက်။ ကလေးငယ်တုန်း နမ်းလျှင် လူကြီးထံမှ ရောဂါပိုးမွှားကူးစက်တတ်သည်ဟု ဆိုထားသည် မဟုတ်ပါလား။

မောင်ဟသ်ာသည် ဖြူဖြူဖွေးဖွေး ဝဝလှလှကြီးဖြစ်၏။ ပါးချိုင့်ကလေးနှင့် ချစ်စရာကောင်းသည်။ မျက်လုံးများက ဝိုင်းစက်ကြည်လင်၍ မျက်တောင်မွေးတို့က ရှည်ပြီး ကော့နေသည်။ အဘိုးတော်သူ ဦးဖိုးရှမ်းက စာဆိုနှင့် ညီမညီသိအောင် ဆိုပြီး မျက်တောင်ပေါ် မီးခြစ်ဆံတင်

mgyoe.com

mgyoe.com


ကြည့်ရာ မီးခြစ်ဆံ မကျချေ။ မိတ်ဆွေအချို့က ဒီအဖေ ဒီအမေတို့က ဒီလိုဖြူဖြူဖွေးဖွေး ဝဝဖြိုးဖြိုးကလေးငယ် မွေးသည်မှာ အံ့သြစရာ ကောင်းသည်ဟု ဆိုကာ ချီးကျူးကြ၏။ ကျွန်တော်တို့က ကိုယ့်ကလေးကို ကျေနပ်အားရဖြစ်နေစဉ် သူ့အဘွားအေ ကျွန်တော်၏ ကျေးဇူးရှင် ယောက္ခမကြီးက "ဟဲ့ ဒီအရွယ်မှာ ကလေးဟာ အသားကလည်း မမှန်သေးဘူး၊ ရုပ်ကလည်း ပုံမသေသေးဘူး၊ ပြောင်းတတ်သေးတယ်၊ စောင့်ကြည့်ကြဦး" ဟု သတိပေးသောအခါ ကျေးဇူးရှင် ယောက္ခမကြီးကို ဒေါပွမိလေသည်။

တကယ်တော့ ကျေးဇူးရှင် ယောက္ခမကြီးက ကြီးမားသော အတွေ့အကြုံဖြင့် ပြောခြင်းဖြစ်လေသည်။ မောင်ဟသ်ာသည် ငယ်သွားပေါက်တုန်းက မဆိုးလှ။ ကြီးသွားပေါက်သောအခါ သွားထပ်တွေနှင့် ဖြစ်ပြီး နှုတ်ခမ်းက စူလာသည်။ ငယ်ငယ်ကလေးကတည်းက မျက်မှန်ထူကြီး တပ်ရသည်။ ဟော ယခု အသက် ၂၀ ကျော်တော့ ရုံဖန်ရုံခါ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများထားသောအခါ သူ့ရုပ်မှာ ရစရာ မရှိတော့ချေ။

မောင်ဟသ်ာငယ်ငယ် စကားပြောတတ်ခါစ အဖေ၊ အမေ၊ အဘွား၊ အာဂူး (ကြောင်)၊ အီ (ရေ) စသည်ဖြင့် တစ်လုံးစီ ခေါ်တတ်ပြီးနောက် ပထမဆုံး တည်ဆောက်သော ဝါကျမှာ "ဘော့၊ ဘော့ အချိဘူး" ဟူ၍ဖြစ်သည်။ ကစားနေသော ဘောလုံးသည် အိမ်အောက်ကျသွား၍ တိုင်ကြားခြင်းဖြစ်သည်။ နောက်တော့ "မော်တော်ကားကြီး ချော်လဲမယ်" ဟု လည်းကောင်း၊ "လေ့ကြီး ရေကူးနေတယ်" ဟုလည်းကောင်း၊ "မီးခြစ်တောက်တတ်တယ်" ဟုလည်းကောင်း၊ "တိမ်တွေ တူ့တူပုံတမ်း ကစားနေတယ်" ဟုလည်းကောင်း တတ်သမျှ ဝေါဟာရနှင့် စကားကြွယ်လာသောအခါ အတိုင်းမသိ ကျေနပ်ရသည်။ တစိမ့်စိမ့်ကြည်နူးရသည်။ ယခုတော့ မောင်ဟသ်ာသည် စကားမကြွယ်၊ သိပ်စကားမပြော၊ စာကိုသာ တွင်တွင်ဖတ်နေသည်။ ကျောင်းတုန်းက ဆိုလျှင် ကျောင်းစာထက် အပြင်စာကို ပိုဖတ်သည်။ ကျွန်တော်က စကားနည်းသည်ကို မကြိုက်။ မိခင်လုပ်သူကတော့ သူ့အဖေ ဦးဘရှိန်နှင့်တူ

mgyoe.com

mgyoe.com


သည်ဆိုပြီး "အဖေရှိရင် သူ့မြေးကို သိပ်ချစ်မှာ" ဟု ပြောကာ သဘောကျနေလေသည်။ မောင်ဟသာ်သည် သူ့သူငယ်ချင်းများနှင့်ဆိုလျှင်တော့ စကားမနည်းလှဟု သိရသည်။ ရည်းစားရသောအခါ စကားကြွယ်ကောင်းတန်ရာ၏ဟု မျှော်လင့်ရပါသည်။

**အဆိုးမြင်ဝါဒနှင့် အကောင်းမြင်ဝါဒ**

လိမ္မော်သီးစားပြီးသောအခါ ကျွန်တော်က ခင့်ကို မေးလိုက်သည်။

"ဟသာ် ဘယ်အချိန်ပြန်သွားသလဲ"

"ခပ်စောစောကပဲ၊ အလုပ်ကိုများ နည်းနည်းမှ အပျက်မခံဘူး၊ သူ့လို တာဝန်ကျေတဲ့ အစိုးရလခစားချည်းဆိုရင် ခုနေဆိုရှယ်လစ်လောကကြီးကို ရောက်နေမှာပဲ"

"အေးလေ... သူတာဝန်ကျေတာ မှန်ကန်တာကတော့ ကျောင်းတုန်းကလိုပါပဲ။ တီတီစီကျောင်းတုန်းက ကျောင်းတက်မှန်လို့ ပထမဆုခဏခဏ ရတယ် မဟုတ်လား။ ဒါပေမဲ့ စောင့်ကြည့်ကြသေးတာပေါ့ကွာ၊ လက်ရှိ အုပ်ချုပ်ရေး ယန္တရားကြီးကပဲ ဝင်လာတဲ့လူငယ် လူသစ်တွေ ဖျက်ဆီးမလား၊ လူငယ်လူသစ်တွေကပဲ အုပ်ချုပ်ရေး ယန္တရားကြီးကို ကောင်းအောင် ပြောင်းပေးနိုင်မလား"

"ခင်တော့ ကောင်းလာမယ် မထင်ပေါင်။ အုပ်ချုပ်ရေး ယန္တရားကြီးဟာ အရင်ကလည်း မကောင်း၊ နောင်လည်း ကောင်းမှာ မဟုတ်ပါဘူး။ လူငယ်လူသစ်တွေကိုသာ ဖျက်ဆီးပစ်နေမှာပဲ"

ဤကိစ္စမှစပြီး ခင်နှင့် ကျွန်တော်စကားများကြရသည်။ အုပ်ချုပ်ရေး ယန္တရားကြီးကို ပြင်လို့ရမယ် မရဘူး။ လူတွေကို ယုံရတယ် မယုံရဘူး။ မူကောင်းရင် လူကောင်းလာရမယ်၊ မူဘယ်လောက်ကောင်းကောင်း လူမကောင်းတော့ ဘယ်သူမှ ဘာမှ ကောင်းမလာနိုင်ဘူး စသည်ဖြင့် ဝိရောဓိတွေ ဆင့်ပွားဆင့်ပွားဖြစ်လာ၏။

ကျွန်တော်တို့ လင်မယားသည် ဤသို့အားဖြင့် မကြာခဏ ပဋိပက္ခဖြစ်ကြသည်။ ကျွန်တော်က အကောင်းမြင်ဝါဒသမားဖြစ်သည်။

mgyoe.com

mgyoe.com


ခင်က အဆိုးမြင်ဝါဒသမားဖြစ်သည်။ ကြီးကြီးငယ်ငယ် ပြဿနာဟူသမျှကို ချဉ်းကပ်ရာမှာ ကျွန်တော်က အပေါင်းလက္ခဏာဘက်ကို အလေးပေးသည်။ ခင်က အနုတ်လက္ခဏာဘက်ကို အလေးပေးသည်။ သို့သော် ကျွန်တော်တို့သည် အခြေခံဒဿနိက ယေဘုယျလောကအမြင်မှာ တူညီကြသည်။ ကမ္ဘာ့နိုင်ငံရေးကို ဆင်ခြင်သုံးသပ်ရာမှာ တူသည်။ ပြီးတော့ တူနှစ်ကိုယ်တည်ထောင်ထားသော မိသားစုကို မပြိုလဲအောင် ထိန်းသိမ်းထားမည်ဟူသော ဘဝအသိမှာ တူသည်။ ထို့ကြောင့် ပဋိပက္ခများဖြင့် မပေါက်ကွဲအောင် ကာကွယ်နိုင်သည်။ ဝိရောဓိသည် ချစ်သူအချင်းချင်း ဝိရောဓိဖြစ်သွားလေသည်။ မူလ ပဋိမူလသမူဟဖြစ်စဉ်သဘောနှင့် ပြေလည်မှု ပေါ်လာလေသည်။ အကောင်းမြင်ဝါဒသမားက အကောင်းချည်း မြင်နေ၍မရ။ အဆိုးမြင်ဝါဒသမားကလည်း အဆိုးချည်းမြင်နေ၍ မရ။ ဘယ်အရာမှာမဆို အကောင်းရော အဆိုးရော ရှိသည်သာတည်း။ အကောင်းမြင်ဝါဒသမားအဖို့ လမ်းက ဖြောင့်ဖြူးလွန်းသည်။ အဆိုးမြင်ဝါဒသမားအဖို့မူ လမ်းက ပိတ်နေသည်။ နှစ်ဖက်ညှိလိုက်တော့မှ အနှောင့်အယှက် အတားအဆီးများကို ကြိုတင် ကာကွယ်နိုင်သည်။ ပိတ်နေသည် ထင်ရသောလမ်းကို ဖွင့်နိုင်သည်။ အနုတ်လက္ခဏာများကို နည်းပါးစေပြီး အပေါင်းလက္ခဏာများ ပွားများစေသည်။

ခဏကြာအောင် စကားများကြပြီးနောက် ခင်က ထမင်းဆာသည်ဟု ဆိုသည်။ ကျွန်တော်လည်း အနည်းငယ် ဆာလာပြန်သည်။ ညဥ့်ဦးယံက ဧည့်သည်များအတွက် တည်ခင်းကြသော ဇနီးမောင်နှံတို့သည် ခုလိုထမင်းဆာနေကြသည်မှာ ရယ်စရာပင် ကောင်းသေးတော့ သည်။ ဧည့်သည်များကို ကျွေးရန် ပေါင်းကူးခြံမှ ယူလာသော ငှက်ပျောခိုင်ရှိသည်။ ကောင်းကောင်း မမှည့်သေးသဖြင့် မကျွေးလိုက်ရ။ တစ်လုံးတလေ ဖြုတ်စားက ရကောင်းပါပြီ။ သို့သော် ခင်က မစားချင်။ ပေါင်းကူးခြံမှပင် ယူလာသော သဘော်သီးများလည်း ရှိသေးသည်။

ဧည့်သည်တွေ ကျွေးစရာများလွန်းသဖြင့် ထုတ်မကျွေးခဲ့။ ခင်က သဘော်သီးကိုလည်း မစားချင်ဟု ဆိုလေသည်။ နောက်ဆုံးတော့ ခင်

mgyoe.com

mgyoe.com


သည် အဆင်သင့်ရှိနေသော နို့မှုန့်ကို နို့ဖျော်၍ သောက်လေသည်။ ကျွန်တော့်ဖို့လည်း တစ်ခွက်ဖျော်ပေးလေသည်။

ကျွန်တော်တို့ ကိုးကွယ်သော ဘုန်းတော်ကြီးများ

နို့သောက်ရင်း ကျွန်တော်က ပြောလိုက်သည်။ "မနက်က ဘုန်းကြီးတွေ ဆွမ်းကျွေးရတာ သိပ်အားရစရာ ကောင်းတာပဲ။ တကယ့်ကို မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးကြတာပဲ"

ခင်က၊

"ကြက်သားဟင်းတော့ အရာတောင် သိပ်မယွင်းဘူး"

"ဆရာတော်ကြီးကတော့ ဂျုံးချဉ်ရေ ပဲကြီးဆီပြန်ဟင်းကို သိပ်ကြိုက်ဟန်တူတယ်။ နောက်ဆုံး ဆွမ်းထပ်မထည့်တော့ဘဲ ပဲကြီးသက်သက် ဘုဉ်းပေးလိုက်၊ ချဉ်ရေသောက်လိုက်နဲ့ အကြာကြီးပဲ"

"သဘော်ပွင့်သုပ်လည်း ကြိုက်ကြပါတယ်"

မနက်က ကျွန်တော်တို့သည် သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသနှင့် နောက်လိုက်သံဃာ လေးပါးကို ငွေရတုသဘင် အထိမ်းအမှတ် ဆွမ်းကျွေးခဲ့ကြသည်။

ကျွန်တော်တို့အိမ်ဆောက်စဉ်က အချို့ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟတို့က ဘုရားဆောင်ထည့်ရန် အကြံပေးကြ၏။ ကျွန်တော်တို့ လင်မယားသည် ထိုအကြံကို စိတ်တူ သဘောတူ ပယ်ချခဲ့ကြ၏။ ဘုရားရှိခိုးချင်သူသည် စေတီပုထိုးသွားပြီး ရှိခိုးနိုင်သည်။

မြန်မာနိုင်ငံတွင် ဘုရားတွေ များလှပါဘိနှင့်။

အိမ်ထောင်မှုကိစ္စအခြေစိုက်ရာ လောကီရေးရာဖြစ်သော လူနေအိမ်မှာ ဘုရားဆောင်ထားရန် မလိုဟုလည်း ယူဆကြ၏။ ကျွန်တော်တို့သည် အလှူကြီး အတန်းကြီးလည်း ပေးလေ့မရှိ။ ရပ်ထဲ ရွာထဲမှာ ကထိန်သင်္ကန်းကပ်လှူကြလျှင် လူမှုရေး လိုအပ်ချက်တစ်ခုအနေနှင့် ရပ်သူရွာသားတို့၏ နောက်လိုက်များအဖြစ်ဖြင့် ပါဝင်လေ့ရှိသည်။ ကလေးကင်ပွန်းတပ်၊ မွေးနေ့၊ အိမ်သစ်တက်သောနေ့ စသည်ဖြင့် မင်္ဂလာအခါများ၌ ခင်မင်ရင်းနှီးသော ဘုန်းတော်ကြီးလေးပါး ငါးပါးကို ပင့်ဖိတ်၍

mgyoe.com

mgyoe.com


ဆွမ်းကျွေးလေ့တော့ ရှိပါသည်။ ကျွန်တော်တို့နေသော လမ်းကို အင်္ဂလိပ်လို ဟာမစ်တိတ်လမ်းဟု ခေါ်သည်။ မြန်မာလို ဓမ္မာရုံကျောင်းလမ်းဟု ခေါ်သည်။ ယခုတော့ မဟာစည်ဆရာတော် ဦးစီးသော သာသနာ့ရိပ်သာရှိသဖြင့် သာသနာ့ရိပ်သာလမ်းဟုလည်း ခေါ်သည်။ မြန်မာလို ဓမ္မာရုံကျောင်းလမ်းဟု ခေါ်ခြင်းမှာ ဓမ္မာရုံကျောင်းတိုက်ကို မှီ၍ ခေါ်ခြင်းဖြစ်သည်။ မုံရွေး ကြေးမုံမှ ဆရာတော်ကြီးတစ်ပါး သီတင်းသုံးခဲ့သည်။ ထိုဆရာတော်ကြီး ဘဝနတ်ထံ ပြန်လွန်တော်မူသောအခါ ကျောင်းတိုက်ကို အမွေဆက်ခံ၍ သီတင်းသုံးတော်မူသော ဆရာတော် ဦးရေဝတသည်လည်း မုံရွေးကြေးမုံသားပင်ဖြစ်သည်။ ကျွန်တော့်အိမ်မှာ ဆွမ်းကျွေးတိုင်း ပင့်ဖိတ်သော ဆရာတော်ဖြစ်၏။ မောင်ဟသ်ာကို ကင်ပွန်းတပ်သည့်နေ့ကစပြီး ဆရာရင်း ဒကာရင်းများဖြစ်လာကြသည်။ ဆရာတော်သည် ရှေးရိုး အစဉ်အလာအရ ကျမ်းတတ် ဆရာတော်ကြီးဖြစ်၏။ ဝါတော် ၅၀ ကျော်ပြီး ကျင့်ဝတ် သိက္ခာမြင့်မြတ်လှ၏။ ထူးခြားချက်မှာ ကျွန်တော်တို့နှင့် ဤမျှ ရင်းနှီးသော်လည်း မဖိတ်ဘဲနှင့် အိမ်သို့ မကြွခြင်းဖြစ်သည်။ ကျွန်တော် မှတ်မိသလောက် အိမ်သို့ တစ်ခေါက်သာ မဖိတ်ဘဲနှင့် ကြွလာခဲ့ဖူးသည်။ ဗိုလ်တထောင်မှာ ကျွန်တော့်ဆောင်းပါး မပါတာကြာသွားသဖြင့် ကျန်းကျန်းမာမာမှ ရှိပါရဲ့လားဟု ဝင်စုံစမ်းခြင်းဖြစ်လေသည်။ အခြားတစ်ချက်မှာ ဆရာတော်ကြီးသည် ဤမျှ ခင်မင်ရင်းနှီးနေပါလျက် ကျွန်တော်တို့ထံမှ အလှူမခံခြင်းပင်ဖြစ်သည်။ အခြားဒကာဒကာမများကိုလည်း အလှူခံလေ့မရှိဟု သိရသည်။ သည်တော့ ကျွန်တော်တို့က ဆရာတော်ထံသွားသွားပြီး "ဘာအလိုရှိပါသလဲဘုရား" ဟု မေးရသည်။ ထိုအခါ ဆရာတော် ထုတ်ဖော်ပြောဆိုသော လိုအင်ကလည်း နည်းလှပါသည်။ တကယ်လိုသည်ကိုသာ ထုတ်ဖော်ပြောဆိုခြင်းဖြစ်ပါသည်။

ငွေရတုသဘင် ဆွမ်းကျွေးရန် ဆရာတော်ကို သွားပင့်ဖိတ်သောအခါ ဆရာတော်မရှိချေ။ မုံရွေး ကြေးမုံကို တစ်နှစ်တစ်ခေါက် ပြန်လေ့ရှိသည့်အတိုင်း ပြန်လည်ကြွသွားသည်နှင့် တိုက်ဆိုင်နေလေသည်။

mgyoe.com

mgyoe.com


**ဆရာရင်းဒကာရင်း**

တောင်တွင်းကြီး ဆရာတော် အရှင်ဥက္ကဋ္ဌသည်လည်း ကျွန်တော်နှင့် ဆရာရင်းဒကာရင်း ဆက်သွယ်မှုရှိ၏။ မြန်မာပြည်သည် ဗြိတိသျှကိုလိုနီဖြစ်နေ၍ ကျွန်တော်သည် သခင်ပေါက်စ၊ ထောင်ခြောက်လဖြစ်ခဲ့စဉ် တို့ဗမာ သခင်လှုပ်ရှားမှုကို အားပေးတော်မူသော အရှင်ဥက္ကဋ္ဌနှင့် စတင်ခင်မင်ရင်းနှီးရသည်။ ကျွန်တော်က သင်္ဂြိုဟ်တတ်ချင်သည်ဆိုတော့ ဆရာတော်က တောင်တွင်းကြီးကို လာခဲ့ဟု ခေါ်လေသည်။ တစ်ရက်နှစ်ရက်နှင့် အပြီးပို့ချပေးမည်ဟု ဆိုသည်။ တကယ် ပို့ချသောအခါ နှစ်နာရီနှင့်အပြီး သင်ကြားပို့ချခဲ့လေသည်။ ကျွန်တော်သည် ဆရာတော်၏ ဆွမ်းအုပ်ကို ထမ်းပြီး ဆွမ်းခံလိုက်ဖူးသည်။ ဆရာတော် တည်ထောင်ထားသော အမျိုးသားနေရှင်နယ် ကျောင်းမှာ ခဏတစ်ဖြုတ်စာဝင်သင်ပေးဖူးသည်။ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်တို့မှသည် တော်လှန်ရေး အစိုးရတက်သည့် မျက်မှောက်ခေတ်အထိလည်း ဆရာရင်းဒကာရင်းအဖြစ်ဖြင့် ဆက်သွယ်နေကြပါသည်။ ရန်ကုန်မှာ ဆရာတော်ဦးဥက္ကဋ္ဌရောက်နေလျှင် အိမ်သို့ ပင့်ဖိတ်ဆွမ်းကျွေးလေ့ရှိပါသည်။ ယခုသော် ဆရာတော် အရှင်ဥက္ကဋ္ဌ ရန်ကုန်မှာမရှိသဖြင့် ငွေရတုသဘင်အတွက် ပင့်ဖိတ်ကျွေးမွေးခြင်း မပြုလိုက်ရပါ။

**ကိုကြီးနုက ပရိတ်ရွတ်ပေးခြင်း**

ဘာသာရေးနှင့် ပတ်သက်၍ ကျွန်တော့်လက်စွဲ မူမှာ "လွတ်လပ်စွာ ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်းသည် အခြေခံကျသော ပုဂ္ဂလိကရပိုင်ခွင့်ဖြစ်သည်" ဟူ၍ ဖြစ်သည်။ ထိုပုဂ္ဂလိကရပိုင်ခွင့်ကို ကျွန်တော်လေးစားသည်။ သူများကလည်း ကျွန်တော့်အခွင့်အရေးကို လေးစားစေချင်သည်။ ကျွန်တော်တို့ ဇနီးမောင်နှံ အိမ်ထောင်သက် ဘယ်နှနှစ်မြောက်ဟူ၍ ကောင်းစွာ မမှတ်မိတော့။ အိမ်မှာ ဆွမ်းကျွေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုကို ထမင်းစားလာပါဦးဟု ဖိတ်လိုက်လေသည်။ ကိုကြီးနုနှင့် ကျွန်တော်သည် ပုဂ္ဂိုလ်ရေးအားဖြင့် ညီအစ်ကိုလို ခင်မင်ရင်းနှီးသူများ ဖြစ်၏။ သူသည် ထမင်းစားဖိတ်သောအချိန်မှာမလာဘဲ

mgyoe.com

mgyoe.com


အိမ်သို့ အစောကြီး ရောက်လာလေသည်။ ကျွန်တော့်မွေးနေ့ဟု သူက ထင်နေသည်။

"ထမင်းတော့ မစားတော့ပါဘူးကွာ၊ မင်း အန္တရာယ်ကင်း ဘေးရှင်းဖြစ်အောင် ငါ ပရိတ်ရွတ်သွားမယ်"

ဟုဆိုပြီး အိမ်ရှေ့မှာ ကုလားထိုင်နှင့်ထိုင်ကာ ပရိတ်ရွတ်သွား ပါလေသည်။ သူ၏ ယုံကြည်ကိုးကွယ်မှုကို လေးစားသောအားဖြင့် ကျွန်တော်သည် ခင်နှင့်အတူ ကြမ်းပေါ်မှာ ရိုသေကျိုးနွံစွာထိုင်ပြီး ကိုကြီးနု၏ ပရိတ်သံကို ကြားနာနေခဲ့ရလေသည်။ ကျွန်တော်ကိုယ်တိုင် ကား တစ်ခါမျှ ပရိတ်မရွတ်ဖူးပါ။ သူများနှင့် ရောယောင်၍ပင် မရွတ် ဖူးပါ။ ထိုနေ့ကပင် ကိုကြီးနုက ကျွန်တော့်ကို ပြောသွားသေးသည်။ "မင်းနိုင်ငံရေးတွေ ဘာတွေ လျှောက်ရေးမနေပါနဲ့ကွာ၊ ဘာလုပ်မလဲ၊ ဗုဒ္ဓဘာသာကို စိတ်ဝင်စားပြီး ဗုဒ္ဓဘာသာနှင့် ပတ်သက်တဲ့ စာတွေ ရေးစမ်းပါ။ မင်း ကမ္ဘာကျော် သွားမှာပဲ" ဟူ၍ ဖြစ်သတည်း။

## အိမ်ထောင်ရေးနှင့် ဆည်းကပ်ကိုးကွယ်မှု တူညီရေး

သိမ်ဖြူဆရာတော် အရှင် နာဂသေနာဘိဝံသနှင့် ကျွန်တော် သိကျွမ်းကြသည်မှာ မကြာသေးချေ။ ဒဂုန်ဦးလှဖေ၏ ကျေးဇူးကြောင့် ဆရာတော် အရှင်နာဂသေန၏ အာယုဗ္ဗေဒဆေးကျမ်းများ အချို့ အကြောင်း တစေ့တစောင်း သိခွင့်ရခဲ့သည်။ ဆရာတော် ဘာသာပြန် သော စာအချို့ကို မြည်းကြည့်သည်။ နောက် ပမညတ အမတ်ဟောင်း မန်းထွန်းရင်က ခေါ်သွားသဖြင့် ဆရာတော်နှင့် လူကိုယ်တိုင် တွေ့ရ သည်။ အနီးကပ်လေ့လာရင်း ဆရာတော်ကို အာယုဗ္ဗေဒ ဆေးပညာရှင် တစ်ဦးအနေနှင့်လည်းကောင်း၊ ကျမ်းပြုပုဂ္ဂိုလ် (ဝါ) စာရေးဆရာ တစ်ဦး အနေနှင့် လည်းကောင်း များစွာ လေးစားသွားလေသည်။ သို့သော် လွန်ခဲ့သော လေးနှစ်ခန့်ကမှ ဆရာတော်၏ ဆေးဝါးကိုပါ မှီဝဲပြီး ဆရာ ရင်း ဒကာရင်း ဖြစ်ခဲ့ရလေသည်။

ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော ဘုန်းတော်ကြီးတချို့ရှိပါသည်။ သို့သော် ခင်က မကြည်ညိုပါ။ အကြောင်းမှာမူ လူဆန်လွန်းသော

mgyoe.com

mgyoe.com


ဘုန်းကြီးများ ဖြစ်သောကြောင့်တည်း။ ဘုန်းကြီးဆိုလျှင် ဘုန်းကြီး ပီသသော အကျင့်သီလသာမက၊ သိက္ခာသာမက၊ ဣန္ဒြေပါ ရှိရမည်ဟု ခင်က ယူဆသည်။ ထို့ကြောင့် ထိုလူသိပ်ဆန်လွန်းသော ဘုန်းကြီးများမှာ ကျွန်တော်နှင့်ခင်မင်ရင်းနှီးသော်လည်း ဆရာရင်း ဒကာရင်းများ ဖြစ်မလာကြပါ။

ဤကိစ္စမှာ အိမ်ထောင်ရေးတွင် အရေးကြီးသည်။ ကျွန်တော့် ဆွေမျိုးသားချင်းကို သူ့ဆွေမျိုးသားချင်း အတင်းလုပ်၍ မရသလို၊ ကျွန်တော့် မိတ်ဆွေသင်္ဂဟကို သူ့မိတ်ဆွေသင်္ဂဟလုပ်၍ မရသလို၊ ကျွန်တော့် ဆရာတော်ကို သူ့ဆရာတော် အတင်းလုပ်၍ မရပါ။ ကျွန်တော် ဆည်းကပ်ကိုးကွယ်သော ဆရာတော်သည် သူ ဆည်းကပ်ကိုးကွယ်သော ဆရာတော်ဖြစ်ရန် ယုံကြည်မှုတူဖို့၊ သိနားလည်မှုတူဖို့၊ ကြည်ညိုမှုတူဖို့ အထူးလိုသည်။ တဖြည်းဖြည်းမှ ဖြစ်ပေါ်လာနိုင်သော တူညီမှုမျိုးများလည်း ဖြစ်သည်။ အကယ်၍သာ ခင်က ကျွန်တော့်လို မယုံကြည်ဘဲ သမထဘာဝနာများကို ယုံကြည်နေလျှင် ဘာဂိုဏ်းညာဂိုဏ်း မဟာ့မဟာဂိုဏ်းတော်များကို ယုံကြည်နေလျှင် အင်းအိုင် လက်ဖွဲ့ ခါးလည့်မန္တရား စသည်များကို ယုံကြည်နေလျှင် ကျွန်တော် ဆည်းကပ်ကိုးကွယ်သော ဆရာတော်က၊ သို့မဟုတ် ဆရာကြီးက တစ်မျိုး။ ခင် ဆည်းကပ်ကိုးကွယ်သော ဆရာတော်က သို့မဟုတ် ဆရာကြီးကတစ်မျိုး ဖြစ်နေပါလျှင် လင်မယား အဆင်ပြေရန် အတော်ခဲယဉ်းပေလိမ့်မည်။ အိမ်ထောင်ရေး သာယာစိုပြည်ရန် ခဲယဉ်းပေလိမ့်မည်။ ငွေရတုသဘင်ဆင်နွှဲရန် ခဲယဉ်းပေလိမ့်မည်။

"ဇင်ဘိုကော ဇင်ဘို"

နို့ဖျော်သောက်ကြသော ပန်းကန်များကိုလည်း ဆေးပြီးပြီ။ ငှားထားသော ပန်းကန်ခွက်ယောက်များကိုလည်း ထုပ်ပိုးပြီးပြီ။ နက်ဖြန် အဆင်သင့် သယ်သွားကြရုံသာ ရှိတော့သည်။ နောက်ဆုံးတွင် ခင်က ညည်းညည်းညူညူ ပြောလိုက်သည်။

"ခင်တော့ မောပြီ။ အိပ်တော့မယ်"

mgyoe.com

mgyoe.com


"အင်း – အိပ်လေ။ သွားအိပ်ချေ။ ကိုယ်တော့ စာဖတ်လိုက်ဦးမယ်"

ခင်သည် အိပ်ရန် အိမ်ပေါ်တက်မည်ပြုပြီးတော့မှ တစ်စုံတစ်ရာ သတိရဟန်နှင့် ပျာပျာသလဲ မေးလိုက်လေသည်။

"ဇင်ဘိုကော... ဇင်ဘို"

ကျွန်တော်သည် ဟိုဟိုသည်သည် ကြည့်၏။ ခင်လည်း ဟိုဟို သည်သည် ရှာ၏။ ဇင်ဘိုကို မတွေ့ရ။

"ဇင်ဘို ဘယ်မလဲ။ ဇင်ဘို... ဇင်ဘို။ ဇင်ဘိုအပေါ်မှာ ရှိသလား" ဟု ခင်က လှမ်းမေးလိုက်သည်။

အိမ်ပေါ်ထပ်က အာသာမြင့်သည် မအိပ်သေးသဖြင့်–

"မရှိဘူး အမေ။ သူအပြင်မှာ ကျွန်တော်တို့ ခေါ်တာ မလာဘူး၊ ခေါ်လေ ပြေးလေပဲ" ဟု ပြန်ဖြေလေသည်။

"ဟဲ့ – ဟဲ့၊ ထွက်ခေါ်ကြပါဦး၊ အအေးမိနေပါလိမ့်ဦးမယ်"

အပေါ်ထပ်က အာသာ၏အသံ မကြားရတော့။ အာသာ၏ ခြေနင်းသံပင် မကြားရတော့။ အာသာမြင့်သည် မကြားချင်ယောင် ဆောင်ပြီး၊ အမေ့ကို အာဏာဖီဆန်နေလေပြီ။

ခင်သည် ဆောက်တည်ရာမရ ဖြစ်နေလေသည်။

"ခင်ကလည်းကွာ သဲလိုက်တာ၊ မရွှေသဲဖြစ်နေပြီ။ ဇင်ဘိုမှာ အရေလည်း ထူတယ်။ အမွေးတွေလည်း ထူတယ်။ ဒီအအေးလောက် တော့ ကြောက်စရာ မရှိပါဘူး" ဟု ကျွန်တော်က ဝင်ပြောလိုက်ပါ သည်။

ဇင်ဘိုကား ခင်၏ အချစ်တော်ခွေးကလေးဖြစ်သည်။ မွေးကင်း စက မိခင်နို့အတင်းဖြတ်ပြီး မွေးထားရာ၊ နှစ်နှစ်သား ရှိနေပြီ။ ဘယ် နှမျိုး စပ်ကျထားသည် မသိ။ ခေါင်းနှင့် ရင်အုပ်ကြီးတို့က အယ်လ စေးရှင်း ဖြစ်သည်။ အသံကြီးကလည်း အယ်လစေးရှင်းလို ဟိန်းလှ သည်။ သို့သော် အရပ်က ပုသည်။ ခြေလက်တွေကတော့ ကြီးလှပါ ၏။ လက်များမှာ တံတောင်ဆစ်ကစ၍ ဘေးကားထွက်နေရာ ခြင်္သေ့ လက်များနှင့် တူနေ၏။ သည်အထဲ ဒတ်ခ်ဟွန်းလို ကျောလျားရှည်ကြီး

mgyoe.com

mgyoe.com


ဖြစ်နေသေးသည်။ အသွေးအမွေးကတော့ မြန်မာခွေး အသွေးအမွေး ဖြစ်လေသည်။ ဇင်ဘိုဟူသော အမည်မှာ အိန္ဒိယ အမျိုးသားများ ဖြစ်သော မူလပိုင်ရှင်များက ပေးထားသော အိန္ဒိယရုပ်ရှင်ဇာတ်လိုက် တစ်ဦး၏အမည်ဖြစ်သည်။ ကျွန်တော်တို့က ထိုအမည်ကို ကြိုက်သည်။ သားတွေကတော့ သူ့ကို ဂျိမ်းဘွန်းဟု အမည်ပေးပြီး၊ ဘွန်းဟု ခေါ်ကြသည်။ ခင်သည် ဇင်ဘိုဟု ခေါ်သည့်အခါ ခေါ်ပြီး၊ ကျီစယ်သော အားဖြင့် ခွေးစုတ်ဟု ခေါ်သည့်အခါ ခေါ်သည်။ ဇင်ဘိုကို ကျွန်တော်တို့က ဘယ်နာမည်နှင့်ခေါ်ခေါ် သူက နားလည်သည်။ ကျွန်တော်တို့ အချင်းချင်း၊ သူ့အကြောင်းကို ဇင်ဘိုဟုလည်းကောင်း၊ ဘွန်းဟုလည်းကောင်း၊ ခွေးစုတ်ဟုလည်းကောင်း သုံးနှုန်း၍ ပြောဆိုနေကြလျှင် သူ့ အကြောင်း ပြောဆိုနေကြပြီဟု သိပြီး အမြီးနှန့်တတ်၏။ သူသည် ငယ်ငယ်တုန်းက အိမ်အလွန်လည်သည်။ ထူးဆန်းသည်မှာ အိမ်နီးနားချင်း ခွေးကြီး နှစ်ကောင်၏ စောင့်ကြပ်မှုဖြင့် အိမ်လည်ခြင်းဖြစ်သည်။

ဇင်ဘိုကို အခြားခွေးများက အန္တရာယ်ပြုတော့မည်ဆိုလျှင် ဘယ်လိုရောက်လာသည် မသိ၊ ထိုအိမ်နီးနားချင်း ခွေးကြီးနှစ်ကောင် ရောက်လာလေသည်။ အိမ်မှာနေရင်း အကြောင်းတစ်ခုခုကြောင့် ဇင်ဘို က ကြောက်အားလန့်အား အော်လျှင် ဘယ်လိုရောက်လာသည် မသိ ထိုခွေးကြီးနှစ်ကောင် ရောက်လာပြန်လေသည်။ ဇင်ဘိုအလည်လွန် သဖြင့် ကားတိုက်ခံရသည်။ ခြေတစ်ချောင်း ပေါင်ရင်းအဆစ်ပြုတ်သွား ရာ ကောင်းသွားအောင် အတော်ကုရလေသည်။ ထိုအခါ ဇင်ဘိုသည် ဝေးဝေး အလည်မသွားတော့။ သူ့ကို အိမ်နီးနားချင်းခွေးကြီးနှစ်ကောင် က စောင့်ရှောက်မြဲ စောင့်ရှောက်ကြ၏။ သို့နှင့် ဇင်ဘိုလူပျိုဖြစ်လေပြီ။ ပထမရာသီတွင် မစွံပါ။ အလည်လည်း မလွန်ပါ။ အိမ်နီးနားချင်း ခွေးကြီး များနှင့်လည်း သင့်မြတ်ကြပါသည်။ ခင်လည်း စိတ်မပူရပါ။ ယခုနှစ် တော်သလင်းရာသီတွင်ကား ဇင်ဘိုသည် အလည်လွန်သည်။ စွံလည်း အတော်စွံသည်။ အိမ်နီးနားချင်းခွေးကြီးနှစ်ကောင်က မစောင့်ရှောက်ကြ တော့ရုံမက၊ တစ်ခါတစ်ခါ ဇင်ဘိုကိုပင် လိုမ့်ကိုက်နေကြသေးသည်။ ခင် စိတ်ပူရသည်။ ကျွန်တော်ကတော့ "ဒီကောင်ကို လွှတ်ထားလိုက်။

mgyoe.com

mgyoe.com


ခွေးမများကို စွံပိုင်ခွင့် သူ့မှာ ရှိတယ်။ ဒီအခွင့်အရေးကို သူ့ ဘာသာသူ ကာကွယ်ပါစေ။ ကာကွယ်ရင်း အစွမ်းထက်လာလိမ့်မယ်။ ပြန်ကိုက်၊ မနိုင်ရင်၊ အရှုံးပေး၊ ဒါပဲရှိတယ်" ဟူ၍ သဘောထားသည်။ ခင်ကား ထိုသို့မဟုတ် ဇင်ဘိုအတွက် အမျိုးမျိုး စိုးရိမ်ပူပန်နေတတ်သည်။

ဇင်ဘိုသည် အိမ်ပြန်ရောက်နေပြီး၊ အိမ်ထဲဝင်လိုလျှင် အိမ့်နောက် တံခါးဝမှာ ထိုင်ပြီးစောင့်နေတတ်၏။ ခင်သည် ထိုတံခါးကို ဖွင့်ပြီး ရှာသည်။ ဇင်ဘို၏အရိပ်ကိုမျှ မမြင်ရ။

ကျွန်တော်တို့ အိမ်ပေါ်သို့ တက်ကြသည်။ ခင်သည် အိမ်ရှေ့ လှေကားတံခါးကို ဖွင့်ပြီး ရှာသည်။ ဇင်ဘိုသည် အိမ်ရှေ့လမ်းဆီသို့ ဦးတည်ကာ အုတ်လှေကားပေါ် တက်ပြေးသွားသည်ကို ကျွန်တော်တို့ မြင်လိုက်ရသည်။ ခင်သည် လက်လျှော့လိုက်ရလေတော့၏။

"ထားလိုက်ပါ ခင်ရယ်" ဟု ကျွန်တော်က ပြောရသည်။ "သူ အပြင် ရှိနေရင် ကောင်းတောင် ကောင်းသေး၊ လူဆိုးသူခိုးလာရင် ဟောင် ဖော်ရတာပေါ့"

"အို... အအေးမိနေမှာပေါ့။ နေမကောင်းရင် အလကား ဒုက္ခများ နေရဦးမယ်"

ကျွန်တော် ဘာမျှမပြောတော့ချေ။ ခွေးတစ်ကောင်အတွက် လူ တစ်ယောက်က သည်လောက် စိတ်ဒုက္ခအရောက်ခံလိုက သူ့သဘော ပင်။

**သိမ်ဖြူဆရာတော်၏ ငွေရတုတရား**

ခင်သည် ဇင်ဘိုကို လက်လျှော့ပြီး အိပ်ရာဝင်တော့မည် လုပ်စဉ် စာဖတ်ကုလားထိုင်မှာ ထိုင်နေပြီးဖြစ်သော ကျွန်တော်က...

"မနက်က ကိုယ်တို့ငွေရတုမင်္ဂလာနှင့် ပတ်သက်ပြီး၊ သိမ်ဖြူ ဆရာတော် ဟောတဲ့တရားကို ကျေနပ်ရဲ့လား"

ခင်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ရင်း၊

"ကျေနပ်ပါတယ်။ အင်မတန်ခေတ်မီပြီး ဆီလျော်တဲ့ စကား တွေပဲ"

mgyoe.com